မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၄)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ (National Solidarity and Peace – making Central Committee) ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၃၆ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ (National Solidarity and Peace – making Central Committee) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လိုအပ်သော မူဝါဒများချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ ဆောင်ရွက်နိုင်ရန် **"အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ (National Solidarity and Peace–making Central Committee)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးမင်းအောင်လှိုင် ဥက္ကဋ္ဌ
နိုင်ငံတော်သမ္မတ

(ခ) ဦးညီစော ဒုတိယဥက္ကဋ္ဌ
ဒုတိယသမ္မတ (၁)

(ဂ) ဒေါ်နန်းနီနီအေး အဖွဲ့ဝင်
ဒုတိယသမ္မတ (၂)

(ဃ) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အဖွဲ့ဝင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

(ဃ) ဦးခင်မောင်ရီ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်သမ္မတရုံး

(စ) ဦးတင်အောင်စန်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန

(ဆ) ဦးမြထွန်းဦး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဦးတင်မောင်ဆွေ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

(ည) ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့ ဖတ်စရာ

EV သက်တမ်းရှည်စေဖို့ နည်းလမ်းတကျ သုံးစွဲစို့
ဆောင်းပါး | စာ ၈

မြန်မာ့ဓလေ့ကို ဖော်ကျူးသည့် မြန်မာတို့၏ လတန်ခူး
ဆောင်းပါး | စာ ၁၆

၂၀၂၉ ခုနှစ်အတွက် ကမ္ဘာ့ဘဏ်-အိုင်အမ်အက်ဖ် အစည်းအဝေးများကို ယူအေအီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်
နိုင်ငံတကာသတင်း | စာ ၁၄

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းကလေးဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များနှင့် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းနှီ့ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အောင်သပြေခက်များ၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ တက်ရောက်ကြိုဆိုဂုဏ်ပြုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး စိုက်ပျိုးမွေးမြူကဏ္ဍမှ ခြေလှမ်းစတင်

မိမိတို့၏နိုင်ငံကို စီးပွားအင်အားတောင့်တင်းသည့် နိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရန် နိုင်ငံသားတိုင်းက အလိုရှိကြသည်။ ဤသည်မှာလည်း နိုင်ငံစီးပွားကောင်းမွန်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့သည် နိုင်ငံသားပြည်သူတို့၏ လူမှုစီးပွားဘဝများ မြင့်မားမှုနှင့် တိုက်ရိုက်ဆက်စပ်နေခြင်းကြောင့်ဖြစ်သည်။ အချို့ကလည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ကျင့်သုံးခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်းဖြစ်သည်ဟု ရှုမြင်ကြပြီး စက်မှုနိုင်ငံထူထောင်စေလိုကြသည်။

သမိုင်းကြောင်းကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံဖြစ်လာစေရေးအတွက် ကြိုးပမ်းမှုမှာ ကုန်းဘောင်ခေတ်နောင်းကာလကပင် စတင်သည်။ ထိုစဉ်က ပဒေသရာဇဓိနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံကို ခေတ်မီစက်မှုနိုင်ငံဖြစ်လာစေရန် အနောက်နိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ နည်းပညာများနှင့် စက်ပစ္စည်းများ တင်သွင်းခြင်း၊ စက်ရုံများ တည်ဆောက်ခြင်းတို့ကို ဘုရင့်နန်းတော်က ဦးဆောင်၍ ပြုလုပ်ကာ ခုနစ်ဂျောင်လွှား တိုးတက်မှုရရှိရန် ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူပိတ်ဆို့ထားသည့် နယ်ချဲ့ဗြိတိသျှတို့က မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသည့် အလျောက် နည်းမျိုးစုံဖြင့် ပိတ်ဆို့ဟန့်တားမှုများကို ပြုလုပ်ခဲ့သည်။ ဂျပန်နိုင်ငံတွင် ဓေဂျီခေတ်နှင့် ခေတ်ပြိုင်ဖြစ်သော မြန်မာတို့၏ ကြိုးပမ်းမှုမှာ နိုင်ငံကို တစ်ပိုင်းပြီးတစ်ပိုင်း ဝါးမျိုလာသည့် နယ်ချဲ့တို့၏ အပြိုးတိုင်ဖျက်သိမ်းမှုကို ခံခဲ့ရပြီး နှစ်အနည်းငယ်အတွင်းမှာပင် ပျောက်ကွယ်သွားခဲ့ရသည်။

နယ်ချဲ့လက်အောက်တွင် မြန်မာနိုင်ငံသည် ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ၊ ဓာတ်သတ္တု၊ ကျောက်မျက်ရတနာတို့ ထုတ်လုပ်သည့် နိုင်ငံအဖြစ် နယ်ချဲ့တို့၏ အမြတ်ထုတ်ခြင်းကိုခံရပြီး ဆန်စက်၊ သစ်စက်၊ ရေနံချက်စက်နှင့် စက်မှုလုပ်ငန်းအချို့တို့ကို နိုင်ငံအတွင်း တည်ထောင်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ဖြစ်လာသည့်အချိန်တွင် အားလုံးကိုမြေလှန်စနစ်ဖြင့် ဖျက်ဆီးခဲ့ကြသည်။ ထို့ကြောင့် စစ်ကြီးအပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန်တွင် နိုင်ငံသည် ပြာပုံနီးနီးမျှသာ ကျန်ရှိခဲ့သည်။ လွတ်လပ်ရေးရပြီး ကာလတစ်လျှောက်တွင်လည်း ပြည်တွင်းဆူပူသောင်းကျန်းမှုများနှင့် နိုင်ငံတစ်ဝန်းမတည်ငြိမ်မှုများ ဈေးညှိနှုန်းအခြေအနေအရပ်ရပ်တို့က မြန်မာနိုင်ငံကို ခေတ်မီစက်မှုနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် အခွင့်အရေးမပေး။ ထို့ပြင် စစ်အေးခေတ်ကာလတစ်လျှောက် အရှေ့နှင့် အနောက်မည်သည့်ဘက်မှမဟုတဲ့ ဘက်မလိုက်ဝါဒကို ကျင့်သုံးခဲ့ခြင်းကလည်း မည်သည့်ဘက်ကမှ အခွင့်အရေးကို မရခဲ့။ ထို့အပြင် မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်လမ်းစဉ်ကို ကျင့်သုံးသည့်အခါ ဟန့်တားမှု၊ ပိတ်ဆို့မှုတို့ကြုံရပြန်သည်။ သို့ဖြင့် နိုင်ငံ၏စီးပွားရေးနိမ့်ကျမှု ဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး လယ်ယာစီးပွားရေးကို အဓိကလုပ်ကိုင်နေကြရခြင်းတို့မှာ သမိုင်းကြောင်းနှင့်သက်ဆိုင်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မိမိတို့၏ ပကတိအရှိတရားဖြစ်သော လူသားအရင်းအမြစ်၊ ဓနဥစ္စာအရင်းအမြစ်နှင့် သယံဇာတအရင်းအမြစ်တို့ကို အခြေခံ၍ စတင်ဆောင်ရွက်ခြင်းကသာ လက်တွေ့ကျမည်ဖြစ်သည်။ မိမိတို့ပိုင်ဆိုင်သည့် အရင်းအမြစ်များကို စနစ်တကျ ထိထိရောက်ရောက် အသုံးချကာ ကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ခြင်း၊ မိမိတို့၏ ထုတ်ကုန်များကို ကုန်ကြမ်းအဖြစ်သာမက အဆင့်မြင့် ကုန်ချော၊ တစ်ဝက်တစ်ပျက်ကုန်ချော်များအဖြစ် တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချခြင်း စသည်အားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်အတူ စိုက်ပျိုးရေးကဏ္ဍအခြေပြုစက်မှုလုပ်ငန်းများ အခြေတည်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မိမိတို့နိုင်ငံသည် ကုန်ထုတ်လုပ်မှုကဏ္ဍ အားနည်းလျက်ရှိပြီး ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မိမိတို့နိုင်ငံ၏ GDP မှာ လွန်စွာနည်းပါးလျက်ရှိသည်။ သို့ဖြစ်ရာ ကုန်ထုတ်လုပ်မှုကို အားပေးမြှင့်တင်ပြီး ပို့ကုန်တိုးမြှင့်ခြင်း၊ ပြည်ပရောင်းတမ်းဝင်ကုန်များ ထုတ်လုပ်ခြင်းတို့ဖြင့် ပြည်ပဝင်ငွေတိုးတက်ရရှိစေရန် ရှာဖွေရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသနေ တောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်း အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးကြရမည်ဖြစ်သကဲ့သို့ သိပ္ပံနည်းကျ စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်တို့ကို ကူးပြောင်းနိုင်ရေး ကူညီပံ့ပိုးပေးရမည်လည်း ဖြစ်သည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံရာ၌ပင် သိပ္ပံနှင့်နည်းပညာ အကူအညီတို့ဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရမည်ဖြစ်သလို ထိုမှတစ်ဆင့် စိုက်ပျိုးမွေးမြူ အခြေခံစက်မှုလုပ်ငန်းများ တည်ထောင်ခြင်းဖြင့်လည်း နိုင်ငံ့စီးပွားမြင့်မားစေမည် ဖြစ်သည့် အကြောင်း။ ။

အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ ဘုန်းတော်ကြီးကျောင်းများနှင့် လမ်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလှုပ်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနှိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၁၁-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၅၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ - ၄ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၇၃၅	၄၉၂၀	၄၈၆၀	၄၇၅၀	၄၉၂၀	၄၉၃၅	၄၉၈၅	၄၈၃၀	၄၉၈၅	၅၃၀၅	၄၈၅၅	၅၁၀၅	၄၉၂၅	၄၉၃၀	၄၉၃၀	၅၁၂၀
95 Ron	၄၉၄၅	၅၁၀၅	၅၀၈၅	၄၉၆၅	၅၁၀၅	၅၁၄၅	၅၂၀၀	၅၀၄၅	၅၂၀၀	၅၅၀၅	၅၀၆၅	၅၃၀၅	၅၁၀၀	၅၁၂၅	၅၁၂၅	၅၃၄၅
HSD (500 ppm)	၆၄၈၅	၆၆၆၅	၆၆၀၅	၆၅၀၀	၆၆၆၅	၆၆၀၅	၆၇၂၅	၆၅၈၀	-	၇၀၃၀	၆၆၀၀	၇၄၅၀	၆၇၀၀	၆၆၅၅	၆၆၅၅	၆၈၆၀
HSD (50 ppm)	၇၀၅၅	၇၉၄၀	၇၈၈၀	၇၀၇၀	၇၉၄၅	၇၉၅၅	၈၀၀၅	၇၈၅၀	၈၀၀၅	၈၃၂၅	၇၈၀၅	၈၁၀၅	၇၉၀၀	၇၉၃၀	၇၉၃၀	၈၁၄၅
HSD (10 ppm)	၇၀၅၅	၇၉၄၀	၇၈၈၀	၇၀၇၀	၇၉၄၅	၇၉၅၅	၈၀၀၅	၇၈၅၀		၈၃၂၅	၇၈၀၅	၈၁၀၅	၇၉၀၀	၇၉၃၀	၇၉၃၀	၈၁၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၉၂	၄၆၁၆
95 Ron	၄၆၉၉	၄၈၂၇
HSD (500 ppm)	၆၂၀၉	၆၃၆၃
HSD (50 ppm)	၇၄၁၇	၇၅၉၆
HSD (10 ppm)	၇၄၁၇	၇၅၉၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်မိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၃၊ ဖက်စ် ၀၆၇-၃၆၁၄၅၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေဒေါရုံး ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၄၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၅၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee) ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၃၇ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee) ဖွဲ့စည်းခြင်း

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ ကို ထိရောက်အောင်ဖြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဦးညီစော — ဥက္ကဋ္ဌ
ဒုတိယသမ္မတ

(ခ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း — ဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

(ဂ) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် — ဒုတိယဥက္ကဋ္ဌ

(ဃ) ဦးမင်းနောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(င) ဦးဆန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) ဦးမြင့်ကြိုင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) ဒေါက်တာ စိုးဝင်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဇ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ကချင်ပြည်နယ်အစိုးရအဖွဲ့

(စျ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ကယားပြည်နယ်အစိုးရအဖွဲ့

(ည) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ကရင်ပြည်နယ်အစိုးရအဖွဲ့

(ဋ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ချင်းပြည်နယ်အစိုးရအဖွဲ့

(ဌ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဍ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဎ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဏ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
မွန်ပြည်နယ်အစိုးရအဖွဲ့

(တ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ထ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဒ) တိုင်းမှူး — အဖွဲ့ဝင်
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်

(ဓ) တိုင်းမှူး — အဖွဲ့ဝင်
အရှေ့မြောက်တိုင်းစစ်ဌာနချုပ်

(န) တိုင်းမှူး — အဖွဲ့ဝင်
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်

(ပ) တိုင်းမှူး — အဖွဲ့ဝင်
အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

(ဖ) တိုင်းမှူး — အဖွဲ့ဝင်
တြိဂံဒေသတိုင်းစစ်ဌာနချုပ်

(ဗ) တိုင်းမှူး — အဖွဲ့ဝင်
အရှေ့တောင်တိုင်းစစ်ဌာနချုပ်

(ဘ) တိုင်းမှူး — အဖွဲ့ဝင်
ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်

(မ) တိုင်းမှူး — အဖွဲ့ဝင်
အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်

(ယ) တိုင်းမှူး — အဖွဲ့ဝင်
အနောက်မြောက်တိုင်းစစ်ဌာနချုပ်

(ရ) တိုင်းမှူး — အဖွဲ့ဝင်
တောင်ပိုင်းတိုင်းစစ်ဌာနချုပ်

(လ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဝ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(သ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာ
ဝန်ကြီးဌာန

(ဟ) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဠ) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(အ) ဒုတိယတပ်မတော်စစ်ဘက်ရေးရာ — အဖွဲ့ဝင်
လုံခြုံရေးအရာရှိချုပ်
တပ်မတော်စစ်ဘက်ရေးရာ
လုံခြုံရေးအရာရှိချုပ်ရုံး

(ကက) ဒုတိယဗိုလ်ချုပ်ကြီး — အဖွဲ့ဝင်
သက်နိုင်ဝင်း(ငြိမ်း)

(ခခ) ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် — အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee)၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော မဟာဗျူဟာချမှတ်ခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်း များအတွက် ပြည်တွင်း ပြည်ပအလှူရှင်များ၊ အစိုးရများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများကို အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီ ပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီး မှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေ ချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သော မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမို ခိုင်မာလာစေရေး မှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက် ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများ သတ်မှတ်ပေးခြင်း၊

(င) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်(NCA) လက်မှတ်မရေးထိုးရသေးသော တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင် လက်မှတ် ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများ သတ်မှတ်ပေးခြင်း။

(ဝုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❖ ရှေ့ဖုံးမှ

(ဋ) ဦးသန်းမောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဌ) ဒေါက်တာ သီတာဦး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

(ဍ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး — အဖွဲ့ဝင်
ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)

(ဎ) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် — အတွင်းရေးမှူး

(ဏ) ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် — တွဲဖက်အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ (National Solidarity and Peace – making Central Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တို့အတွက် လိုအပ်သော မူဝါဒများ ချမှတ်ပေးရန်နှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီ ထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများ ချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေး သော အလှူရှင် အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူ များ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သောမူဝါဒများ ချမှတ်ပေးခြင်း၊

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံ သော ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အခြေခံ၍ မူဝါဒများချမှတ်ပေးခြင်း၊

(င) ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ် သည့် လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အကြံပေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များကို လုပ်ထုံး လုပ်နည်းနှင့်အညီ ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်သည်။

(ဝုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace-making Negotiation Committee) ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၃၈ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace-making Negotiation Committee) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသောလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **"အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace- making Negotiation Committee)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က)	ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်	ဥက္ကဋ္ဌ
(ခ)	ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(ဂ)	ဦးသန်းမောင် ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဦးမင်းနောင် ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ဦးဆန်းဦး ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ဦးမြင့်ကြိုင် ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	အဖွဲ့ဝင်
(ဆ)	ဦးခင်မောင်စိုး ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန	အဖွဲ့ဝင်
(ဇ)	ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် စစ်ဥပဒေချုပ် စစ်ဥပဒေချုပ်ရုံး	အဖွဲ့ဝင်
(ဈ)	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ည)	ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဋ)	ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)	အဖွဲ့ဝင်
(ဌ)	ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)	အဖွဲ့ဝင်
(ဍ)	ဗိုလ်ချုပ် စိုးနိုင်ဦး (ငြိမ်း)	အဖွဲ့ဝင်
(ဎ)	ဗိုလ်မှူးကြီး မောင်မောင်အုန်း(ငြိမ်း)	အဖွဲ့ဝင်
(ဏ)	ဗိုလ်မှူးကြီး (၁) ဦး တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံး	အဖွဲ့ဝင်
(တ)	ဦးလှမောင်ရွှေ	အဖွဲ့ဝင်
(ထ)	ဦးရန်ကျော်	အဖွဲ့ဝင်
(ဒ)	ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်	အတွင်းရေးမှူး
(ဓ)	ဗိုလ်မှူးကြီး ဝဏ္ဏအောင် အတွင်းရေးမှူး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ	တွဲဖက် အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace-making Negotiation Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ပေးထားသော မဟာဗျူဟာများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်း ပြည်ပအလှူရှင်များ၊ အစိုးရများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသောအလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သော ချမှတ်ပေးထားသည့် မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသည့် အချိန်ဇယားများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ် ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသည့် အချိန်ဇယားများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်ကောင်းမွန်သော အကြံပြုချက်များ ရှာဖွေဖော်ထုတ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ဆ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးနှင့် တစ်ဆက်တည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဇ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ၏ ဆောင်ရွက်ချက်နှင့် တိုးတက်မှုများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(ည) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငွေကြေးသုံးစွဲခြင်း။

(ဝုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ကိုယ်စိတ်နှစ်ပါး ရွှင်လန်းစွာဖြင့် သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်း
Myanmar Broadcasters Association

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ၈ပြီ ၁၁

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၉၄ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘရူနိုင်းဒါရုဿလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘရူနိုင်းဒါရုဿလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

ဘရူနိုင်းဒါရုဿလမ်နိုင်ငံ
၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်

သို့
အဆွေတော်
ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်၊

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဘရူနိုင်းဒါရုဿလမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အကျိုးတူကဏ္ဍများတွင် ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိတို့ ပြည်သူများနှင့် နှစ်နိုင်ငံလုံး၏ အပြန်အလှန် အကျိုးစီးပွားအတွက် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ အာဆီယံဒေသတွင်း မိတ်ဖက်များအဖြစ်သော်လည်းကောင်း အလွန်တန်ဖိုးထားရှိသည့် ဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နူတ်ခွန်းဆက်သအပ်ပါသည်။

ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား
ဘရူနိုင်းနိုင်ငံ ဘုရင်မင်းမြတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးပုဂ္ဂိုလ် မစ္စတာ အန်တွန် ကိုဗျာကော့ဗ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးပုဂ္ဂိုလ် မစ္စတာ အန်တွန် ကိုဗျာကော့ဗ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

မစ္စတာ မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်သမ္မတကြီးခင်ဗျာ၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အတွက် ခင်မင်ရင်းနှီးစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်သည် အတွေ့အကြုံရှိ နိုင်ငံခေါင်းဆောင်နှင့် ထက်မြက်သော တပ်မတော်ခေါင်းဆောင် တစ်ဦးဖြစ်သည်ကို မိမိတို့သိရှိထားပြီး ရာစုနှစ်များစွာကြာ ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံ၏အကျိုးစီးပွားနှင့် မြန်မာနိုင်ငံသားများ၏ မျှော်လင့်ချက်များကို တစိုက်မတ်မတ် လုပ်ဆောင်ချက်များမှတစ်ဆင့် အကြိမ်ကြိမ်သက်သေပြသခဲ့ပြီးဖြစ်ပါသည်။ အဆွေတော်သည် တပ်မတော်တွင် ဗိုလ်ချုပ်မှူးကြီးရာထူးတာဝန်အထိ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်နှင့်အညီ နိုင်ငံ၏နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာကို ခိုင်မာစွာ ကာကွယ်စောင့်ရှောက်ခဲ့ပါသည်။

အဆွေတော်၏ ပံ့ပိုးကူညီမှုဖြင့် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် အခြားကဏ္ဍများအပါအဝင် ကဏ္ဍများစွာ၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား နီးကပ်သောဆက်ဆံရေးသည် တဖြည်းဖြည်း ပိုမိုခိုင်မာလာလိမ့်မည်ဟု မိမိယုံကြည်ပါသည်။

ယခုကဲ့သို့ မြင့်မားသော ရာထူးနေရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အန်တွန် ကိုဗျာကော့ဗ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘရာဇီးလ်နိုင်ငံ ဆောင်ပိုလိုမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ ရီကာဒို စီ ကာရီ (Mr. Ricardo Cury) ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘရာဇီးလ်နိုင်ငံ ဆောင်ပိုလိုမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ ရီကာဒို စီ ကာရီ (Mr. Ricardo Cateb Cury) ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆွေတော်
ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အပေါ် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်၏ အနာဂတ်အတွက် အဆွေတော်၏ ဦးဆောင်မှု၊ မျှော်မှန်းချက်နှင့် မြန်မာပြည်သူများ၏ ယုံကြည်ကိုးစားမှုအပေါ် ထင်ဟပ်စေသည့် အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း မြန်မာပြည်သူများ၏ သာယာဝပြောရေး၊ တည်ငြိမ်အေးချမ်းရေး၊ ကောင်းကျိုးချမ်းသာများနှင့် ပြည့်စုံပါစေကြောင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲလာပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်၏ အစိုးရအနေဖြင့် အမြော်အမြင်ရှိမှု၊ စေ့စပ်ညှိနှိုင်းနိုင်မှုတို့ဖြင့် ပြည့်စုံလျက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝသဟဇာတဖြစ်ရေးဟူသော ခိုင်မာသည့် ကတိကဝတ်များဖြင့် နိုင်ငံတော်ကို ဦးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ပြောကြားလိုပါသည်။

လေးစားမှုဖြင့်
မစ္စတာ ရီကာဒို စီ ကာရီ
မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်
ဆောင်ပိုလိုမြို့၊ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီစော ထံသို့ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟဆက် ဖူဝန် ကေ့ကဲ့ပို့ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီစော ထံသို့ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟဆက် ဖူဝန် ကေ့ကဲ့ပို့ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ဗန်ကောက်မြို့
ဧပြီလ ၉ ရက်၊ ဘီ.အီး.၂၅၆၉ (၂၀၂၆)

အဆွေတော်
ဦးညီစော
ဒုတိယသမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား နီးကပ်သော ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်ဦးနှစ်ဖက် ဘုံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် ထိုင်းနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်း အတည်ပြုအပ်ပါသည်။

ထိုင်း-မြန်မာ ဆက်ဆံရေး မျက်နှာစာသစ် ဖွင့်လှစ်နိုင်ရန်အတွက် အဆွေတော်နှင့်အတူ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

(ဆီဟဆက် ဖူဝန် ကေ့ကဲ့ပို့)
ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်
နိုင်ငံခြားရေးဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ထံသို့ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟဆက် ဖူဝန် ကေ့ကဲ့ပို့ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ထံသို့ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟဆက် ဖူဝန် ကေ့ကဲ့ပို့ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ဗန်ကောက်မြို့
ဧပြီလ ၉ ရက်၊ ဘီ.အီး.၂၅၆၉ (၂၀၂၆)

အဆွေတော်
ဒေါ်နန်းနီနီအေး
ဒုတိယသမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။ မြန်မာနိုင်ငံအနေဖြင့် အစိုးရသစ်လက်ထက်တွင် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားလိုပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား နီးကပ်သော ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်ဦးနှစ်ဖက် ဘုံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် ထိုင်းနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်း အတည်ပြုအပ်ပါသည်။

အဆွေတော်၏ လုပ်ငန်းဆောင်တာများ အောင်မြင်မှုရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

(ဆီဟဆက် ဖူဝန် ကေ့ကဲ့ပို့)
ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်
နိုင်ငံခြားရေးဝန်ကြီး

နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်း အခမ်းအနားတက်ရောက်ခဲ့သည့် ပြည်ပအစိုးရကိုယ်စားလှယ်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံအစိုးရကိုယ်စားလှယ်များသည် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာခဲ့သည်။ ယင်းကိုယ်စားလှယ်များကို နေပြည်တော် တပ်မတော်လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ စစ်ဆေး

နေပြည်တော် ဧပြီ ၁၁

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် မုခ်ဦး တည်ဆောက်နေမှု၊ ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး ဆောင်ရွက်ထားမှု၊ ယိမ်းအဖွဲ့များ ဇာတ်တိုက် လေ့ကျင့်ရေးကိစ္စ၊ သင်္ကြန်မဏ္ဍပ်များတည်ဆောက်နေမှု၊ ရေရှိရေး ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်ရင်ပြင်၌ကျင်းပမည့် လမ်းလျှောက်သင်္ကြန်၌ နိုင်ငံကျော်တေးသံရှင်များက အကြိုနေ့နံနက်ပိုင်းမှ စတင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး နေပြည်တော် - တောင်ငူ ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေးနှင့် တောင်ငူမြို့ရှောင် ရထားလမ်း ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့မီးရထားမှ ဦးဆောင်သည့်ကြားရေးမှူးနှင့်အတူ ယနေ့တွင် တောင်ငူ–နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု၊ အဆိုပါရထားလမ်းပိုင်းတွင် ဘူတာအသစ်များ ပြန်လည်တည်ဆောက်နေမှု၊ ရထားလမ်းပိုင်းရှိ တံတားများအခြေအနေ၊ တောင်ငူမြို့ရှောင်ရထားလမ်း တာပေါင်မြေကြီးလုပ်ငန်းနှင့် တံတားလုပ်ငန်းနှင့် တောင်ငူဘူတာသစ်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူ – နေပြည်တော် ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းအခြေအနေများကို RBE ရထားဖြင့် လိုက်ပါစီးနင်းစစ်ဆေးပြီး လမ်းပိုင်းအတွင်း အသစ်ပြန်လည်တည်ဆောက်နေသည့် ဘူတာများ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအမြန်ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တည်ဆောက်ရေးအလေးထားဆောင်ရွက်ရန်၊ ရထားလမ်းဘေး ဝဲ/ယာ သတ်မှတ်အကွာအဝေးများတွင် ရေနုတ်မြောင်းများ စနစ်တကျ တူးဖော်သွားရန်၊ တောင်ငူ–နေပြည်တော်ကြား အမြန်နှုန်း ၇၅ ကီလိုမီတာနှုန်း အပြည့်အဝ မောင်းနှင်နိုင်ရေး စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူဘူတာသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တောင်ငူခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်ငူမြို့ရှောင်ရထားလမ်း ဆောင်ရွက်နေမှုအခြေအနေကို စီမံကိန်းအင်ဂျင်နီယာက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ကာလအမီပြီးစီးရေး၊ သတ်မှတ်ဒီဇိုင်း၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ရှောင်ရထားလမ်း တာပေါင်မြေကြီးလုပ်ငန်းနှင့် တံတားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာပေါင်မြေကြီးလုပ်ငန်းဆောင်ရွက်ရာတွင် အပေါ်ယံမြေလွှာကို ကုန်စင်အောင်ဖယ်ရှား၍ Selected Borrow Soil ကို သိပ်သည်းမှုရရှိအောင် အလွှာလိုက်ဖိကြိတ်၍ Compaction ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ရထားလမ်းဘေး ရေနုတ်မြောင်းများ တစ်ပါတည်း တူးဖော်နိုင်ရေး ဆောင်ရွက်ရန်နှင့် ဘူတာရုံအား သတ်မှတ်ဒီဇိုင်း၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး၊ ရထားလမ်းအား သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် ကိုယ်စားလှယ်အဖွဲ့နှင့် နိကာရာဂွါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နိုင်ငံတော်သမ္မတ ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ထမ်းဆောင်ခြင်းအခမ်းအနားသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် ကိုယ်စားလှယ်အဖွဲ့၊ နိကာရာဂွါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့အား ယမန်နေ့ ညပိုင်းတွင် နေပြည်တော်ရှိ MGallery Hotel ၌ သီးခြားစီလက်ခံ တွေ့ဆုံခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ (ဝဲဝုံ)

ကမ္ဘောဒီးယားနိုင်ငံအစိုးရ၏ အာဆီယံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဘုရင့် အတိုင်ပင်ခံကောင်စီ အဖွဲ့ဝင် Mr. Kitti Settha Pandita Cham Prasidh၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ၂၀၂၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ယခင်ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Alounkeo Kittikhoun နှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့တောင်အာရှ၊ တောင်အာရှနှင့် တောင်ပစိဖိတ်ဌာန ညွှန်ကြားရေးမှူး ချုပ် Mr. Nguyen Tat Thanh တို့နှင့် တွေ့ဆုံစဉ် သက်ဆိုင်ရာ နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် နှစ်နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိကာရာဂွါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗေထရက်ခ် ဂျေရက်စခီနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရွှေတောင်မြို့ပေါ်ရှိ စားအုန်းဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

ရွှေတောင် ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ ရွှေတောင်မြို့နယ် စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဝင်များက တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ယမန်နေ့က ရွှေတောင်မြို့ပေါ်ရှိ စားအုန်းဆီလက်လီလက်ကား အရောင်းဆိုင်များ၌ ပြည်သူများထံသို့ သတ်မှတ်ရည်ညွှန်းစျေးနှုန်းဖြင့် ခွဲတမ်းရစားအုန်းဆီများ အပြည့်အဝရောင်းချပေးမှု ရှိမရှိ၊ ပြည်သူများအား စျေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ မရှိ အခြေအနေများကို မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် ခွဲတမ်းရစားအုန်းဆီများ ရောင်းချသည့် လက်လီဆိုင်ကြီးများအနေဖြင့် သတ်မှတ်သည့် စျေးနှုန်းဖြင့် အိမ်ထောင်စုအလိုက် စားအုန်းဆီ ဝယ်ယူခွင့်စာအုပ်များဖြင့် စနစ်တကျရောင်းချပေးလျက်ရှိကြောင်းနှင့် နေ့စဉ်ရောင်းချသည့် စျေးနှုန်းများကိုလည်း ဗိနိုင်းများဖြင့် စနစ်တကျ ချိတ်ဆွဲရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကိုကိုမင်း
(ပြန်/ဆက်)

EV သက်တမ်းရှည်စေဖို့ နည်းလမ်းတကျ သုံးစွဲစို့

အောင်ဇေယျဟိန်း

(ဧပြီ ၁၀ ရက်မှအဆက်)

၄။ အထွေထွေ အကြံပြုချက်များ

၄။ (က) ဘက်ထရီဆဲလ်ချိန်ညှိခြင်း

EV ဘက်ထရီသည် ဘက်ထရီဆဲလ် ရာဂဏန်း (သို့မဟုတ်) ထောင်ဂဏန်းပေါင်းများစွာကို အစဉ်လိုက် အပြိုင်ချိတ်ဆက်ထားခြင်း ဖြစ်ပါသည်။ ဘက်ထရီဆဲလ်များကို တိကျစွာ ဂရုတစိုက်ထုတ်လုပ်ထားသော်လည်း မည်သည့်ဆဲလ်နှစ်လုံးမဆို စွမ်းဆောင်ရည်၊ အတွင်းခုခံအားနှင့် မိမိဘာသာ အားကုန်ဆုံးနှုန်းတို့ အတိအကျ တူညီခြင်းမရှိပါ။ ဘက်ထရီဆဲလ်များရှိ ဓိုအားများ ဟန်ချက်ညီမျှတမှု (Cell Balancing)မရှိသော ဘက်ထရီသည် အလွန်အကျွံအားသွင်းခြင်းနှင့် အားကုန်ခြင်း ဖြစ်နိုင်ခြေ ပိုများ၏။ ဓိုအားပိုများသည့် ဆဲလ်များမှ ဓိုအား ထုတ်သုံးနေစဉ် ဓိုအားနည်းသော ဆဲလ်တစ်ခုသည် ဓိုအားကုန်သွားပါက ဆက်လက်ထုတ်စရာ ဓိုအား မရှိတော့ရာ ရေရှည်တွင် ပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်၏။ ဆန့်ကျင်ဘက်အရ အားသွင်းချိန်တွင် ဓိုအား ပိုများသော ဆဲလ်များကို သတ်မှတ်ဓိုအားသို့ အရင် ရောက်ရှိချိန်၌ ဓိုအားနည်းသော ဆဲလ်များကို ဆက်လက်အားသွင်းလျှင် သတ်မှတ်ဓိုအားရှိပြီး ဆဲလ်များကို ဆက်လက်အားသွင်းမိပြီး လွန်ကဲစွာ အားသွင်းမိနိုင်၏။ ဤအခြေအနေ နှစ်မျိုးလုံးသည် ဘက်ထရီယိုယွင်းပျက်စီးမှုကို မြင့်တက်စေနိုင်၏။

EV ၏ ဘက်ထရီဆဲလ် ကွာဟချက်များသည် အကြိမ်ကြိမ် အားသွင်းခြင်းနှင့် သုံးစွဲခြင်းဖြင့် ရေရှည်၌ ပိုမိုသိသာလာပြီး ဘက်ထရီ၏ ညီညွတ်မှုတမှုကို ပျက်ယွင်းစေ၏။ ထို့ကြောင့် ဘက်ထရီသက်တမ်းရှည်စေရန်အတွက် EV ၏ ဘက်ထရီဆဲလ်တစ်ခုချင်းစီတွင် ဓိုအားနှင့် စွမ်းအင်ညီမျှအောင် ညှိပေးသည့် ဆဲလ်ချိန်ညှိခြင်း (Cell Balancing) လုပ်ငန်းကို အလေးထားဆောင်ရွက်သင့်ပြီး ပုံ ၈ ပါ စွမ်းအင်ထုတ်ပစ်သည့် ရိုးရိုးဆဲလ်ချိန်ညှိနည်း (Passive Balancing)နှင့် စွမ်းအင်ကို အပြန်အလှန် မျှဝေသည့် တက်ကြွဆဲလ်ချိန်ညှိနည်း (Active Balancing) ဟူ၍ နှစ်မျိုးရှိ၏။ ဘက်ထရီဆဲလ်တစ်ခုစီ၏ ကျန်းမာရေးအခြေအနေကို ဘက်ထရီဆဲလ်ချိန်ညှိပြီး အချက်အလက်များပေါ်မူတည်၍ သုံးသပ်ဆုံးဖြတ်ရပါသည်။

ပုံ ၉ တွင် သာဓကအနေဖြင့် EV ဘက်ထရီဆဲလ်များမျှတရေးအတွက် ချိန်ညှိပေးနိုင်သော ကိရိယာတစ်ခုကို ဖော်ပြထားပါသည်။ ဤကိရိယာသည် EV ဘက်ထရီဆဲလ်များအား ပြုပြင်မွမ်းမံဆောင်ရွက်ပြီးနောက် (သို့မဟုတ်) အစားထိုးပြီးနောက် ဘက်ထရီစွမ်းရည် ပြန်လည်ကောင်းမွန်စေရန် အတွက် ဘက်ထရီဆဲလ်အားလုံးကို တူညီသော ဓိုအားအဆင့်သို့ ရောက်ရှိစေအောင် ချိန်ညှိပေးပြီး ဘက်ထရီသက်တမ်းကို သိသိသာသာ တိုးတက်စေပါသည်။ **ဒုတိယသက်တမ်း၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စနစ်များ၏ ဘက်ထရီစနစ်များအတွက် ပြန်လည်အသုံးပြုနိုင်ရန်အတွက် ဆဲလ်ချိန်ညှိခြင်း လုပ်ငန်းစဉ်ကို လုပ်ဆောင်သင့်ပါသည်။**

၄။ (ခ) ထုတ်လုပ်သူ၏ လမ်းညွှန်ချက်များကို လိုက်နာခြင်း

EV ထုတ်လုပ်သူတိုင်းတွင် သီးခြားဘက်ထရီထိန်းသိမ်းနည်း လမ်းညွှန်ချက်များရှိကြရာ မိမိကား၏ အသုံးပြုသူလက်စွဲစာအုပ်ကို လေ့လာဖတ်ရှုပြီး အကြံပြုထားသော အားသွင်းသည့် အလေ့အထနှင့် သုံးစွဲစဉ် ဆောင်ရွက်ရမည့် အချက်များကို လိုက်နာပါ။

၄။ (ဂ) ပုံမှန်ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ခြင်း

EV မောင်းနှင်ရာတွင် လောင်စာဆီသုံးကားများလို အင်ဂျင်မပါဝင်ဘဲ အင်ဂျင်ဝိုင်၊ ဂီယာဘောက်စ်ဆီများကို လအနည်းငယ်အတွင်း လဲလှယ်ပေးရန် မလိုအပ်ပေ။ သို့သော် **EV ကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ပြုပြင်ထိန်းသိမ်းမှု ပုံမှန်ပြုလုပ်ပေးရပါမည်။**

အရေးအကြီးဆုံးမှာ EV ဘက်ထရီကို ခြောက်လ (သို့မဟုတ်) တစ်နှစ်လျှင် တစ်ကြိမ်ပုံမှန် စစ်ဆေးပေးပြီး ဘက်ထရီစီမံထိန်းချုပ်မှုစနစ်နှင့် စွမ်းရည်မြှင့်တင်ရေးဆော့ဖ်ဝဲလ်များကို ပုံမှန်အဆင့်မြှင့်တင် (Update) ဆောင်ရွက်ပေးရပါမည်။ အချို့ Update များသည် အားသွင်းသည့်ပုံစံကို ပိုမိုကောင်းမွန်စေပြီး မောင်းနှင်နိုင်သည့် အကွာအဝေးကို ပိုတိုးစေပါသည်။ ထုတ်လုပ်သူမှ ပေးပို့သော Over-the-Air (OTA) Update များ ရှိ မရှိ စစ်ဆေးပါ။ အချက်ပြသင်္ကေတများ ပေါ်လာလျှင် စစ်ဆေးပါ။ အလိုအလျောက် Update လုပ်သည့်စနစ်ကို တတ်နိုင်သမျှ ဖွင့်ထားပါ။

ပုံ ၁၀ တွင် နမူနာဖော်ပြထားသည့် အဆင့်မြင့် နည်းပညာသုံးကိရိယာ(Scanner)ဖြင့် EV အမျိုးအစားအလိုက် အစိတ်အပိုင်းများအား အချိန်တိုအတွင်း တိကျထိရောက်စွာ ပြစ်ချက်ရှာဖွေရာတွင် သုံးစွဲနိုင်ပြီး ပုံ ၁၁ တွင် ၎င်းကို အသုံးပြု၍ EV

ပုံ ၁၀၊ EV အစိတ်အပိုင်းများအား ပြစ်ချက်ရှာဖွေနိုင်သည့် ကိရိယာ (Scanner)တစ်ခုကို တွေ့ရစဉ်။

ပုံ ၁၁၊ EV မော်တာ၏ လျှပ်ကာစွမ်းရည် ပမာဏအား Scanner ဖြင့် တိုင်းတာစဉ်။

မော်တာ၏ လျှပ်ကာစွမ်းရည်ပမာဏအား တိုင်းတာပုံကို တင်ပြထားပါသည်။

EV ပြုပြင်ထိန်းသိမ်းရန် အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် EV နည်းပညာရှင်များကသာ ဆောင်ရွက်ရမည်ဖြစ်ပြီး လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပုံ ၁၂ ပါ လျှပ်ကာ Hand Tools များနှင့် ဓိုအားမြင့်လျှပ်ကာလက်အိတ်တို့ကိုသာ အသုံးပြုရပါမည်။

၄။ (ဃ) EV မီးသတ်ဆေးဘူး ဆောင်ထားခြင်း

EV တွင် မမျှော်လင့်ဘဲ မီးလောင်မှုဖြစ်ပွားလျှင် ရိုးရိုးမီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်၍မရ။ ရေဖြင့် တိုက်ရိုက်ငြိမ်းသတ်ခြင်းကြောင့် လျှပ်စစ်ရှော့ခ်ဖြစ်နိုင်ပြီး ထပ်ဆင့်အန္တရာယ်များ ပွားများလာနိုင်ရာ လီသီယမ်မီးကို ငြိမ်းသတ်နိုင်သည့် ဓာတုမီးသတ်ဆေးဘူးများကို သုံးစွဲရပါမည်။ **EV မီးသတ်ဆေးဘူးကို ယာဉ် (သို့မဟုတ်) ကားဂိုဒေါင်အတွင်း**



ပုံ ၁၂၊ လျှပ်ကာ Hand Tools များနှင့် ဓိုအားမြင့် လျှပ်ကာလက်အိတ်ကို တွေ့ရစဉ်။

ဘက်ထရီ၊ ဘရိတ်စနစ်၊ ရေနှင့် Ethylene Glycol ရောစပ်ထားသည့် အရည်ဖြင့် အပူလွန်ကဲခြင်းနှင့် စွမ်းရည်မကျအောင် ထိန်းသိမ်းပေးသည့် ဘက်ထရီနှင့် မော်တာအအေးပေးစနစ်များ၊ အားသွင်းစနစ်၊ လျှပ်ကာစနစ်များနှင့် လျှပ်စစ်သွယ်တန်းသုံးစွဲမှုစနစ်များကို ပုံမှန်စစ်ဆေးပါ။ ယင်းအပြင် တာယာ၊ တာယာနင်းဖိနပ်အနက်၊ ဘရိတ်စနစ်၊ ဘက်ထရီနှင့် မော်တာအအေးပေးစနစ်များကိုလည်း လစဉ်ပုံမှန် စစ်ဆေးသွားရန် လိုအပ်ပါသည်။

အသင့်ဆောင်ထားသင့်ပါသည်။

အေဗွီဒီ (Aqueous Vermiculite Dispersion-AVD) မီးသတ်ဆေးဘူးကို ဓာတုနည်းပညာဖြင့် အလွှာလိုက်ပြုလုပ်ထားကာ မီးတောက်ကို ငြိမ်းသတ်၍ အပူချိန်ကို လျော့ချပေးနိုင်သည့် ဗာမီကျူလိုက် (Vermiculite) သတ္တုမှုန့်များ (၁၇ ရာခိုင်နှုန်း)ကို ရေ(၈၃ ရာခိုင်နှုန်း)တွင် ရောစပ်ထားပါသည်။ ပုံ ၁၃ ပါအတိုင်း **မီးငြိမ်းသတ်စဉ် ဗာမီကျူလိုက်၏**

စာမျက်နှာ ၉ သို့

ပုံ ၈၊ ဘက်ထရီဆဲလ်များ မျှတအောင် ချိန်ညှိခြင်းပြုလုပ်ပုံ။

ပုံ ၉၊ ဘက်ထရီဆဲလ်ချိန်ညှိပေးသော ကိရိယာတစ်ခုကို တွေ့ရစဉ်။

ပုံ ၁၃၊ အေဗွီဒီ မီးသတ်ဆေးဘူး အသုံးပြု၍ ဘက်ထရီမီးကို ငြိမ်းသတ်နေစဉ်။

ပုံ ၁၄၊ F-500 လီသီယမ်မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နေစဉ်။

ပုံ ၁၃၊ EV အားသွင်းစနစ်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး လိုက်နာရမည့်အချက်များ။

စာမျက်နှာ ၈ မှ

ဗီဇဂုဏ်သတ္တိဓာတ်အရ မီးလောင်နေရာကို ဖုံးအုပ်ပြီး အောက်ဆီဂျင်ဖြတ်တောက်ကာ အပူချိန်လျှော့ချပေး၏။ ၎င်း၏ အားသာချက်အရ ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ မီးငြိမ်းသတ်ပေးကာ ပြန်လည်လောင်ကျွမ်းခြင်းမှ ကာကွယ်ပေးနိုင်သဖြင့် လီသီယမ်-အိုင်းယွန်းဘက်ထရီများ လောင်ကျွမ်းမှုကို ငြိမ်းသတ်ရန်အတွက် အထူးဒီဇိုင်းထုတ်ထားပြီး ရိုးရိုးရေ၊ အမှုန့် (သို့မဟုတ်) အမြှုပ်များဖြင့် မီးငြိမ်းသတ်ခြင်းထက် ပိုမိုထိရောက်မှုရှိပါသည်။

EV အပြင် အေဒီဒီမီးသတ်ဆေးဘူးများကို လီသီယမ်-အိုင်းယွန်း ဘက်ထရီသုံး စက်ပစ္စည်းများ၊ စက်ရုံများ၊ ရုံးခန်းများ၊ ဘက်ထရီအားသွင်းရုံများနှင့် ဘက်ထရီ ပြန်လည်အသုံးပြုသည့်နေရာများ၌ အသုံးပြုရန် သင့်လျော်ပါသည်။ ဈေးကွက်တွင် တစ်လီတာ၊ နှစ်လီတာ၊ ခြောက်လီတာနှင့် ကိုးလီတာ အရွယ်အစားများဖြင့် ရရှိနိုင်ပြီး Class A (သာမန်/ အထွေထွေမီးလောင်မှု) အမျိုးအစားများကိုပါ ငြိမ်းသတ်နိုင်ရန် အဆင့်သတ်မှတ်ချက်ပါရှိပါသည်။

EV မီးငြိမ်းသတ်ရေးအတွက် F-500 EA (Encapsulator Agent) လီသီယမ်မီးသတ်ဆေးဘူးကိုလည်း သုံးစွဲနိုင်ပါသည်။ ၎င်းကို လီသီယမ်-အိုင်းယွန်းဘက်ထရီများ မီးလောင်ကျွမ်းမှုကို ထိရောက်မှု မြင့်မားစွာ ငြိမ်းသတ်ရန် ဆန်းသစ်စွာ ဒီဇိုင်းထုတ်ထားပြီး ၎င်း၏ ထူးကဲအားသာချက်မှာ လောင်စာများနှင့် မီးခိုးငွေ့များကို ဖုံးအုပ်ပိတ်ဆို့နိုင်ခြင်း ဖြစ်ပါသည်။

F-500 EA ဖြင့် ငြိမ်းသတ်လျှင် ရေမျက်နှာပြင်တင်းအားကို သိသာစွာလျော့ကျစေပြီး ဘက်ထရီအတွင်းပိုင်းသို့ နက်ရှိုင်းစွာ စိမ့်ဝင်နိုင်စွမ်းရှိ၏။ ၎င်းရှိ မော်လီကျူးများ၏ ဗီဇဂုဏ်သတ္တိဓာတ်များအရ ရေစက်တစ်ခုစီကို အကာအကွယ်လွှာတစ်ခုစီဖန်တီးပေးကာ အပူစုပ်ယူနိုင်စွမ်းမှာ သာမန်ရေထက် အဆပေါင်းများစွာ ပိုမိုကောင်းမွန်ပါသည်။ ထို့ပြင် ရေနွေးငွေ့အဖြစ် ပြောင်းလဲခြင်းမရှိဘဲ အပူချိန်ကို မြန်ဆန်စွာ စုပ်ယူလျှော့ချခြင်းကြောင့် မီးလောင်မျက်နှာပြင်ကို လျင်မြန်စွာ အအေးခံနိုင်ပါသည်။

ယင်းအပြင် F-500 EA မော်လီကျူးများသည် လီသီယမ်-အိုင်းယွန်းဘက်ထရီအတွင်းရှိ မီးလောင်လွယ်သော အီလက်ထရောလိုက်များကို ဖုံးအုပ်ပိတ်ဆို့ထားသဖြင့် ၎င်းတို့ မီးလောင်နိုင်စွမ်း ဆုံးရှုံးသွားစေပါသည်။ အကျိုးကျေးဇူးများအနေဖြင့် လီသီယမ်-အိုင်းယွန်း ဘက်ထရီမီးလောင်မှုများတွင် အဖြစ်များသော မီးပြန်လည်လောင်ကျွမ်းခြင်းကို ကာကွယ်ပေးနိုင်ပြီး အဆိပ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကိုလည်း ၉၈ ရာခိုင်နှုန်းကျော်အထိ လျှော့ချပေးနိုင်ရာ မီးသတ်သမားများအတွက် ပိုမို ဘေးကင်းစေနိုင်ပါသည်။

အဆိုပါ မီးသတ်ဆေးဘူးများကို အရွယ်အစား အမျိုးမျိုးဖြင့် ရရှိနိုင်ပြီး Class A သာမန် မီးလောင်လွယ်ပစ္စည်း၊ Class B မီးလောင်လွယ်သော အရည်များ၊ Class F ချက်ပြုတ်ဆီများ အမျိုးအစား မီးလောင်မှုများကိုပါ ငြိမ်းသတ်နိုင်စွမ်းရှိပါသည်။ ၎င်းသည် ဖလိုရင်းကင်းစင်ပြီး အန္တရာယ်ရှိ ဓာတု ပစ္စည်းများပါဝင်မှုမရှိဘဲ ဇီဝပျက်စီးမှုဖြစ်စဉ် မြန်ဆန်ကာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု မရှိပါ။ ထို့ပြင် သံချေးမတက်စေခြင်း၊ အဆိပ် အတောက်မရှိခြင်းနှင့် လျှပ်စစ်ရှော့ခ်ဖြစ်နိုင်ခြေမရှိ စေရန် စမ်းသပ်ထားပြီးဖြစ်ကာ ဗို့အားမြင့် လျှပ်စစ် ပစ္စည်းများအနီးတွင် ဘေးကင်းစွာ အသုံးပြုနိုင်ပါသည်။ သို့ရာတွင် ၎င်းသည် ရေကိုအခြေပြုငြိမ်းသတ်ခြင်းဖြစ်ရာ လျှပ်ကူးနိုင်သဖြင့် ပြင်းထန်လှသော လျှပ်စစ်စွမ်းအားကြောင့် လောင်သည့်မီးများ (ပြန်လှန်လျှပ်စီး–အေစီဒွိအား ၁၀၀ နှင့်အထက်) ကို ငြိမ်းသတ်ရန်အတွက် (လုံး၀)အသုံးမပြုရပါ။ သို့ဖြစ်ရာ F-500 EA ဖြင့် ငြိမ်းသတ်လျှင် အားသွင်းစက်နှင့် ဆက်သွယ်မှုမရှိအောင် ထားရှိရပါမည်။ ယင်းအပြင် မီးလောင်ရာနေရာ (အိမ်၊ ဆိုင်၊ အားသွင်းရုံ၊ စက်ရုံ)ရှိလျှပ်စစ်ဓာတ်အားလိုင်းများကို ကြိုတင်ဖြတ်တောက်ထားရပါမည်။

၄။ (c) မီးငြိမ်းစောင် ထားရှိခြင်း

EV များ ခေတ်စားလာသည်နှင့်အမျှ EV မီးငြိမ်းစောင်များ ထားရှိခြင်းသည် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မရှိမဖြစ် လိုအပ်ချက် တစ်ခု ဖြစ်လာပါသည်။ EV မီးငြိမ်းစောင်များသည် လီသီယမ်-အိုင်းယွန်း ဘက်ထရီမီးလောင်မှုကြောင့် ဖြစ်ပွားသော အပူရှိန်မြင့်မားသည့် မီးလောင်မှုများကို ထိန်းချုပ်ရန် အထူးဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး မီးခိုးငွေ့များနှင့် အဆိပ်အတောက်ဓာတ်ငွေ့များ ထွက်ရှိမှုကို လျှော့ချပေးနိုင်ပါသည်။

EV မီးငြိမ်းစောင်များကို EV ကားပါကင်များ၊ အားသွင်းရုံများ၊ ဝပ်ရှော့များ၊ ဓာတ်ဆီဆိုင်များ၊ ကားဂိတ်များ၊ ကူးတို့သဘော်များ၊ လေ့ဆိပ်များ၊ ဥမင်လိုဏ်ခေါင်းများနှင့် လေဆိပ်များတွင် ထားရှိသင့်၏။ **အထူးသဖြင့် လျှပ်စစ်ကားအားသွင်းရုံများတွင် မီးငြိမ်းစောင်ထားရှိခြင်းသည် မီးလောင်မှုဖြစ်ပါက အနီးရှိအခြားကားများသို့ မီးကူးစက်ခြင်းမှ ကာကွယ်နိုင်ပြီး ဓာတ်ဆီဆိုင်များတွင် ဆီတိုင်ကီများသို့ မီးမရောက်အောင် တားဆီးနိုင်ပါသည်။**

EV မီးငြိမ်းစောင်များ ထားရှိရာတွင် အရေးပေါ် အခြေအနေ၌ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ပြီး လက်လှမ်းမီရန် အရေးကြီးပါသည်။ မီးငြိမ်းစောင် သေတ္တာများကို အန္တရာယ်များသော နေရာများ ဖြစ်သည့် တိုက်ရိုက်လျှပ်စီးသုံး အမြန်အားသွင်းစက်များနှင့် ၂၀ မီတာ (၆၆ ပေ) အကွာအဝေးအတွင်း တစ်လုံးစီထားရှိသင့်ပြီး ဆွဲကြိုးများကို ကြမ်းပြင်မှ ၁.၂ မီတာ (၄ ပေ) မှ ၁.၅ မီတာ (၅ ပေ) အမြင့်တွင် တပ်ဆင်သင့်ပြီး အမှောင်ထဲတွင်ပါ မြင်နိုင်စေရန် နိုင်ငံတကာစံနှုန်း ISO 7010 နှင့်ကိုက်ညီသော မီးစုန်းဆိုင်းဘုတ်များလည်း တပ်ဆင်ထားသင့်ပါသည်။ ပုံ ၁၅ တွင် EV မီးငြိမ်းစောင် နမူနာများနှင့် ပုံ ၁၆ တွင် EV မီးငြိမ်းစောင်ဖြင့် မီးငြိမ်းသတ်နေပုံကို တင်ပြထားပါသည်။

၄။ (စ) အားသွင်းစနစ်ကို စနစ်တကျ တပ်ဆင် သုံးစွဲခြင်း

နိုင်ငံတော်တွင် ပြည်သူများ၏ EV သုံးစွဲမှုများ တစ်ရှိန်ထိုး မြင့်တက်လာပြီး EV အားသွင်းခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း ကိုးခုတို့ကို ချမှတ်ပြီးဖြစ်၏။ သို့ဖြစ်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်များအတိုင်း အားသွင်းစနစ်ကို တပ်ဆင်သုံးစွဲမှုက ပျက်စီးဆုံးရှုံးမှုများနှင့် မီးဘေးအန္တရာယ်တို့ကို ကြိုတင်ကာကွယ်ရေးအတွက် အခရာကျပါ၏။

ပုံ ၁၇ ပါအတိုင်း EV အားသွင်းစနစ် သွယ်တန်းတပ်ဆင်မှုကို သတ်မှတ်အရည်အသွေး စံပြည့်မီသည့် လျှပ်စစ်ကျွမ်းကျင်ပညာရှင်ဖြင့်သာ ဆောင်ရွက်၍ စံချိန်စံညွှန်းနှင့် ကိုက်ညီသော EV အားသွင်းစက်ကိုသာ သုံးစွဲခြင်းသည် အရေးကြီးသောအချက် ဖြစ်ပါသည်။ အချို့ EV အားသွင်းစက်များတွင် အပူချိန်ထိန်းညှိစနစ်ပါဝင်ရာ အားသွင်းစဉ် ဘက်ထရီအပူလွန်ကဲမှုကို ကာကွယ်ပေးနိုင်၏။ အရည်အသွေး စံမပြည့်မီသော အတုအပ EV အားသွင်းစက်များသည် လျှပ်စစ်ဝန်အားမမှန်ကန်ခြင်း၊ အပူလွန်ကဲခြင်းနှင့် မီးလောင်ခြင်း စသောအန္တရာယ်တို့ကို ဖြစ်ပေါ်စေနိုင်၍ လုံးဝမတပ်ဆင်သင့်ပါ။

စာမျက်နှာ ၁၀ သို့

ပုံ ၁၅၊ EV မီးငြိမ်းစောင်များကို တွေ့ရစဉ်။

ပုံ ၁၆၊ EV မီးငြိမ်းစောင်ဖြင့် မီးငြိမ်းသတ်နေစဉ်။

“နိုင်ငံတော်တွင် ပြည်သူများ၏ EV သုံးစွဲမှုများ တစ်ရှိန်ထိုးမြင့်တက်လာပြီး EV အားသွင်းခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း ကိုးခုတို့ကို ချမှတ်ပြီးဖြစ်၏။ သို့ဖြစ်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်များအတိုင်း အားသွင်းစနစ်ကို တပ်ဆင်သုံးစွဲမှုက ပျက်စီးဆုံးရှုံးမှုများနှင့် မီးဘေးအန္တရာယ်တို့ကို ကြိုတင်ကာကွယ်ရေးအတွက် အခရာကျ”

အိမ်ပြန်ခရီးဂုဏ်ရှိန်မြှင့်မည့် ပြည်သူ့စစ်သည်

❖ နိုင်ငံ့တာဝန်၊ ကျေပွန်ထမ်းရွက်ခေါ်သံထွက်ပြီ၊ လိုလားချီလျက် တိုင်းပြည်တွက် ဇွဲ၊ လုံ့လတွဲလျက် စဉ်မြဲဆန္ဒပြု စစ်မှုထမ်းရန် တက်လှမ်းခဲ့ကြသည်။

❖ နှစ်နှစ်တာမျှ၊ ထိုကာလဝယ် မြန်မာ့ရွှေရေး၊ ရည်မှော်တွေး၍ စစ်ရေးလေ့ကျင့်၊ ပညာတင့်ဆန်း စည်းကမ်းသေဝပ်၊ စိတ်ဓာတ်ခိုင်မာ ကိုယ်ခန္ဓာလည်း ကြံ့ခိုင်လာခဲ့သည်။

❖ တာဝန်ပြီးမြောက်၊ ဂုဏ်ယူလောက်သည် ဝမ်းမြောက်ပေါ့ပါး၊ နိုင်ငံသားတိုင်း သမိုင်းသစ်ဖွင့်ပြီ၊ လမ်းပြတည်ထောင် ပြည်သူ့စစ်သည် အောင်ပွဲဆင်ခဲ့သည်။

❖ အနာဂတ်လမ်း၊ လျှောက်လှမ်းဝိုရန် လမ်းမှန်လေးသွယ်၊ စီမံဖွယ်တွင် စိတ်ဝယ်ရွှင်ပျော်၊ တပ်မတော်မှာ ဆက်ကာဝန်တာ၊ ထမ်းရွက်ပါမူ စဉ်လာဂုဏ်နှင့် အဆင့်တိုးမြင့်မည်။

❖ အိမ်ပြန်ခရီး၊ တွေးဆပြီးက ပဉ္စလိက၊ ဝန်တာမျှနှင့် ဝန်ထမ်းဘဝ၊ ရွေးချယ်ရ၏၊ ထိုမှဆက်တွေး၊ သက်မွေးတတ်မြောက် ထွန်းတောက်လေက၊ ပြည်ပစေလွှတ် ဘဝတိုးတက် ဆက်လက်အောင်မြင်မည်။

❖ ဇာတိရပ်မြေ ပြန်လည်ခြေချ စိုက်ကြမွေးမြူ။ ကိုယ်ပိုင်ထူရေး ချေးငွေအရင်း၊ ပံ့ပိုးခြင်းဖြင့် ပြည်တွင်းစွမ်းအား မြင့်မားလာစေမည်။

❖ နေထိုင်စားသောက်၊ ဓရိတ်ငြိမ်းဖြင့် နိုင်ငံတော်က၊ သင်တန်းများဖွင့် ရိုးရိုးလုပ်သား၊ ဘဝမှသည် ကျွမ်းကျင်သူများ၊ ဖြစ်ပေါ်လာစေမည်။

❖ သတင်းများများ၊ တိုက်ဂျက်လွှားကျော် စွမ်းအားမြင့်တင်၊ ပြည့်ဂုဏ်အင်မို့ ဖြစ်စဉ်အမှန်၊ အိမ်အပြန်ခရီး ဂုဏ်ရှိန်ကြီး၍၊ လွန်ပျော်မွေ့ပြီ ချမ်းမြေ့စေမှု၊ ကောင်းအောင်ပြုသည့် ပြည်သူ့စစ်သည်များပါတကား။ ။

အောင်မြေ

စာမျက်နှာ ၉ မှ

သင့်နေအိမ်တွင် EV ကို အိမ်သုံးမီတာနှင့် အားသွင်းပါက လျှပ်စစ်မီတာ၊ လျှပ်စီးပတ်လမ်း ဖြတ်တောက်သည့် ဆားကစ်ဘရိတ်ကာနှင့် ဝိုင်ယာကြိုးများသည် သတ်မှတ်အရည်အသွေးပြည့်မီကာ သတ်မှတ်လျှပ်စီးဝန်အားဒဏ် ခံနိုင်ရည် ရှိ မရှိကို ကြိုတင်စစ်ဆေးရပါမည်။ EV နှင့် အားသွင်းစက် ကြား၌ ဝိုင်ယာကြိုးများအား လိုအပ်သလို ဆက်၍ အသုံးပြုခြင်း၊ ကြားခံမီးဆက်ပစ္စည်းများ တပ်ဆင် အသုံးပြုခြင်းတို့ကိုလည်း မပြုလုပ်ရပါ။

အားသွင်းစနစ် တပ်ဆင်မည့်နေရာ ရွေးချယ် ခြင်းသည်လည်း ဘေးအန္တရာယ်ကင်းရေးအတွက် အရေးပါပါသည်။ အားသွင်းစနစ်ကို ရေစိုခံခြင်း၊ ဖုန်မှုန့်ကာကွယ်ခြင်းစနစ်များပါရှိသောနေရာတွင် တပ်ဆင်သင့်ပြီး လေဝင်လေထွက်ကောင်းမွန်သော နေရာဖြစ်ရပါမည်။ အားသွင်းစက်ကို မီးလောင် လွယ်သောပစ္စည်းများနှင့် အနီးဝန်းကျင်နေရာ၊ ရေနှင့် အစိုဓာတ်ထိတွေ့နိုင်သောနေရာ၊ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် မတပ်ဆင် ရပါ။ ယင်းအပြင် ပုံမှန်ပြုပြင်ထိန်းသိမ်းရမည်ဖြစ်ပြီး ဝိုင်ယာကြိုးများ ပြတ်တောက်ခြင်းနှင့် ပလပ် ပေါက်များ ပျက်စီးခြင်း ရှိ မရှိကို သုံးလတစ်ကြိမ်ခန့် စစ်ဆေးပြီး ချွတ်ယွင်းချက်များ တွေ့ရှိပါက ချက်ချင်း ပြုပြင်လဲလှယ်ရပါမည်။

အားသွင်းစဉ် ဘက်ထရီကို စောင့်ကြည့်ကာ ဘက်ထရီ၏ အပူချိန်ပုံမှန်ထက် မြင့်တက်ခြင်း၊ အနံ့ဆိုးထွက်ခြင်း၊ ပုံပျက်ခြင်း စသည့်လက္ခဏာများ တွေ့ရှိက ချက်ချင်းအားသွင်းခြင်းကို ရပ်ဆိုင်းပြီး ကျွမ်းကျင်ပညာရှင်များနှင့် စစ်ဆေးပါ။ အားသွင်းပြီး ပါက အားသွင်းစက်ကို ဖြုတ်ထားပါ။

နိဂုံးမချုပ်မီ စာဖတ်သူ ပိုမိုလွယ်ကူစွာ မှတ်သား နိုင်ရန် ဤဆောင်းပါး၏ အနှစ်ချုပ်အား ပုံ ၁၈ အတိုင်း တင်ပြအပ်ပါသည် -

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ

ပုံ ၁၈၊ EV သက်တမ်းရှည်အောင် သုံးစွဲရေး နည်းလမ်းများ။

အဖိုးတန်ရေဓြေရင်းမြစ် သဘာဝပတ်ဝန်းကျင် သာယာလှပမှုကို ရေရှည်တည်တံ့အောင်ထိန်းသိမ်း ပြီး နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးဆိုင်ရာ စီးပွားရေး ဂေဟစက်ဝန်းဖွံ့ဖြိုးမှုမှသည် စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့အနာဂတ်ကောင်း များကို ဖော်ဆောင်နိုင်ရေး၊ ကမ္ဘာနှင့် ရင်ပေါင်တန်း ကာ ကာဗွန်လျှော့ချနိုင်ရေးနှင့် ခေတ်မီလျှပ်စစ်ကား (EV) များကို တန်းတူသုံးစွဲနိုင်ပြီး လေထုနှင့် အသံ ညစ်ညမ်းမှုများ လျော့ချနိုင်၍ ကျန်းမာရေး ကောင်းမွန်ခြင်း၊ စက်သုံးဆီနှင့် အင်ဂျင်ပြုပြင်ခြင်း ကုန်ကျစရိတ်တို့အား လျော့ချနိုင်ခြင်း စသောအကျိုး ကျေးဇူးများကို ပြည်သူများ ရရှိခံစားနိုင်ရေးတို့ အတွက် တာဝန်ရှိသူများအပါအဝင် EV Stakeholders အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် စာဖတ်သူသည်လည်း ပြည်သူထဲမှ ပြည်သူတစ်ဦးအနေဖြင့် နိုင်ငံ့ EV ကဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည် ဟု မျှော်လင့်မိပါ၏။ သို့ဖြစ်ရာ အကယ်၍ သင်သည် EV သုံးစွဲသူတစ်ဦးဖြစ်ပါက သင့် EV ကို ဘေးအန္တရာယ် ကင်းရှင်းစွာ သက်တမ်းရှည်အောင် ဤဆောင်းပါးပါ နည်းလမ်းများအတိုင်း သုံးစွဲကာ မောင်းနှင်ခြင်း၊ အားသွင်းခြင်း၊ ရပ်နားခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း တို့ဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် ဆောင်ရွက်မည်ဟုလည်းကောင်း၊ သို့တည်းမဟုတ် သင်သည် မကြာမီ EV ဝယ်ယူမည်ဆိုပါကလည်း ဤဆောင်းပါးပါ နည်းလမ်းများအတိုင်း လိုအပ် သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်မည်ဟု လည်းကောင်း၊ သို့တည်းမဟုတ် သင်၏ အနီး ဝန်းကျင်ရှိ မိတ်ဆွေ EV ပိုင်ရှင်တစ်ဦးကို ဤဆောင်းပါးပါ EV သက်တမ်းရှည်ရေး နည်းပညာ များနှင့် စနစ်တကျသုံးစွဲရေး နည်းလမ်းများအား နားလည်သဘောပေါက်သွားအောင် ဆင့်ပွားမျှဝေ နိုင်မည်ဟုလည်းကောင်း ကျွန်ုပ်လေးနက်စွာ ယုံကြည်မိပါ၏။ ယင်းအပြင် မြို့တွင်း၊ မြို့ပြင် လမ်းများ၌ ဘက်ထရီကျန်းမာရေးကောင်းမွန်သည့် မော်တာများဖြင့် မောင်းနှင်နေသော အစိမ်းရောင် စွမ်းအင်သုံး EV များ အစဉ်တိုးပွားလာသည်ကို ကျွန်ုပ်မြင်ယောင်နေမိပါတော့သတည်း။

ကိုးကားချက်

၁။ စာရေးသူ၏ သုတေသနပြုလေ့လာမှု အတွေ့အကြုံများ

၂။ အင်တာနက်မှ ရှာဖွေလေ့လာမှုများ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation (Myanmar) Limited တို့အကြား ထောက်ရှာပင်-ကမ်းနီရေနံမြေတွင် ရေနံတိုးမြှင့်ထုတ်လုပ်ရန်အတွက် ရေနံတိုးတက်ထုတ်ယူရရှိရေးစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၁

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ကုန်းတွင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ တင်ဒါများ ခေါ်ယူခဲ့ပြီး တင်ဒါအောင်မြင်သည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် စာချုပ်များချုပ်ဆို၍ နိုင်ငံတော်အတွက် နှစ်နာမှုမရှိစေရေး တာဝန်ယူ၍ စိစစ်ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် North Petro-Chem Corporation (Myanmar) Limited တို့အကြား ထောက်ရှာပင်- ကမ်းနီရေနံမြေတွင် ရေနံတိုးမြှင့် ထုတ်လုပ်ရန်အတွက် ရေနံတိုးတက်ထုတ်ယူရေး စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့က နေပြည်တော် Park Royal Hotel ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတော်အစိုးရအဖွဲ့အသစ်အနေဖြင့် နိုင်ငံတော်၏ စာမျက်နှာသစ် စတင်ဖွင့်လှစ်သည့် အခါသမယတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် အထူးလိုအပ်နေသော ရေနံစိမ်းတိုးမြှင့် ထုတ်လုပ်နိုင်ရန် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခြင်းသည် လွန်စွာ ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း၊ ရေနံစိမ်းများ တိုးမြှင့်ထွက်ရှိလာပါက နိုင်ငံတော်အတွက် လိုအပ်သည့် စက်သုံးဆီများ တိုးမြှင့်ချက်လုပ်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူများအတွက် ချက်ချင်းလက်ငင်း အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

မြန်မာ့ရေနံမြေများ၏ သက်တမ်းသည် နှစ်ပေါင်း ၁၀၀ ဝန်းကျင်ရှိနေသည့် သက်တမ်းရင့် ရေနံမြေများဖြစ်ပါကြောင်း၊ ယနေ့ စာချုပ်ချုပ်ဆိုသည့် ထောက်ရှာပင်-ကမ်းနီ ရေနံမြေသည်လည်း သက်တမ်းနှစ် ၅၀ ခန့်ရှိပြီဖြစ်ရာ အထွက် တိုးလာစေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုရမည်ဖြစ်သည်နှင့်အညီ မှန်ကန်သည့် နည်းပညာရွေးချယ်အသုံးပြုနိုင်မှု၊ သင့်လျော်သည့် စက်ပစ္စည်းကိရိယာ ရွေးချယ်အသုံးပြုနိုင်မှု၊ လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်နှင့် အရင်းအနှီး စိုက်ထုတ်နိုင်မှု၊ အတွေ့အကြုံရှိမှု စသည့် လိုအပ်ချက်များကို ဟန်ချက်ညီ ဖြည့်ဆည်းနိုင်ရန် လိုအပ်သည်ဖြစ်ရာ ယင်းအခြေခံလိုအပ်ချက်များကိုစိစစ်ပြီး အသင့်လျော်ဆုံးဖြစ်သည့် အဖွဲ့အစည်းအားရွေးချယ်၍ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း။

တိုးတက်ထွက်ရှိလာမည်

ထို့အပြင် ပြည်တွင်းရေနံစိမ်းလိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းနိုင်ရန် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ရေနံတူးဖော်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်လာတတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများမှ ကာကွယ်စေရန် ရည်ရွယ်ချက်များဖြင့် ရေနံလက်ယက်တွင်းများ တူးဖော်နေခြင်းကို ပိတ်သိမ်းစေပြီး ပြည်တွင်းလုပ်ငန်းရှင်အဖွဲ့အစည်း ၃၆ ခုအား နည်းစနစ်ကျတွင်း (Standard Well) တူးဖော်ထုတ်လုပ်နိုင်ရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်ရာ မကြာမီအချိန်အတွင်း စတင်ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် ရေနံစိမ်းများ တိုးတက်ထွက်ရှိလာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီသုံးစွဲမှု ၉၇ ရာခိုင်နှုန်းကို ဝယ်ယူတင်သွင်းနေရသည်ဖြစ်ရာ ယခုကဲ့သို့ ကမ္ဘာတစ်ဝန်း စက်သုံးဆီအခက်အခဲများ ဖြစ်ပေါ်လာချိန်တွင် မိမိတို့ပြည်သူများအနေဖြင့် လွန်စွာခက်ခဲသည့် အခြေအနေတစ်ရပ်ကို ရင်ဆိုင်နေကြရပါကြောင်း၊ ယင်းအခက်အခဲများမှ ကိုလည်း အဆင့်မြှင့်တင်ခြင်း၊ လွတ်မြောက်နိုင်ရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုတူးဖော်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေသကဲ့သို့ ထွက်ရှိလာသည့် ရေနံစိမ်းများကိုလည်း ကိုယ်တိုင် ချက်လုပ်နိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ကြိုးစား ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တွင် ရေနံချက်စက်ရုံအသစ်များ ထပ်မံထွက်ပေါ်လာစေရေးအတွက် စီမံဆောင်ရွက်နေပြီး ၁၉၈၂ ခုနှစ်ကတည်းက တည်ဆောက်ထားခဲ့သည့် သံပရာကန်ရေနံချက်စက်ရုံကိုလည်း အဆင့်မြှင့်တင်ခြင်း၊ စွမ်းအားပြည့် လည်ပတ်နိုင်ရန် ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် North Petro-Chem Corporation (Myanmar) Limited ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး စာချုပ်ပါ ကတိကဝတ်များအတိုင်း ရလဒ်ကောင်းများ အမြန်ဆုံးပေါ်ထွက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း အကြိမ်(၃၀)မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်

နေပြည်တော် ဧပြီ ၁၁

၂၀၂၆ ခုနှစ်၏ အာဆီယံအလှည့်ကျ သဘာပတိအဖြစ်ဆောင်ရွက်သည့် ဖိလစ်ပိုင်နိုင်ငံက Virtual အစီအစဉ်ဖြင့် ဧပြီ ၉ ရက်မှ ၁၀ ရက်အထိကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၊ အကြိမ်(၃၀)မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အစည်းအဝေး၏ ပထမနေ့ဖြစ်သော ဧပြီ ၉ ရက်နံနက်ပိုင်းတွင်ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အမေရိကန်ပြည်ထောင်စု၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့ပူးတွဲကျင်းပသည့် AFMGM US–ASEAN Business Council အစည်းအဝေး၊ ဥရောပသမဂ္ဂနှင့်ပူးတွဲကျင်းပသည့် AFMGM EU–ASEAN Business Council အစည်းအဝေး၊ အာဆီယံစီးပွားရေးအကြံပေးအဖွဲ့နှင့် ပူးတွဲကျင်းပသည့် AFMGM–ASEAN Business Advisory Council အစည်းအဝေး၊ ဖြိတိန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးတွဲကျင်းပသည့် AFMGM UK–ASEAN Business Council အစည်းအဝေးများတွင် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဖြိတိန်နိုင်ငံတို့နှင့် အာဆီယံနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ အရင်းအနှီးစျေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ အာမခံနှင့် MSME များတွင် ဘဏ္ဍာငွေဖြည့်ဆည်းပေးနိုင်ရေးနှင့် AI အသုံးပြုမှုတိုးမြှင့်ရေး၊ နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုကိစ္စများ၊ Cybersecurity များ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ရှင်းလင်းတင်ပြရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေး၏ ဒုတိယနေ့ဖြစ်သော ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင်ကျင်းပသည့် အကြိမ်(၃၀) မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အာဆီယံအခြေခံအဆောက်အအုံရန်ပုံငွေ (ASEAN Infrastructure Fund–AIF) ဖြင့် ဆောင်ရွက်သည့်စီမံကိန်းကိစ္စရပ်များ၊ အာဆီယံအာမခံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံနယ်စပ်ဖြတ်ကျော်မှုဆိုင်ရာကိစ္စရပ်များ၊ အာဆီယံအခွန်နှင့် အကောက်ခွန်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှုများ၊ အာဆီယံငွေတိုက်ဆိုင်ရာကိစ္စရပ်များနှင့် အာဆီယံအရင်းအနှီးစျေးကွက် ဖွံ့ဖြိုးတိုးတက်ရေးတို့၏ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး အစည်းအဝေးက မှတ်တမ်းတင်သည်။

ဆက်လက်၍ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌက တင်ပြသည့် ASEAN Climate Finance Policy Platform နှင့် စပ်လျဉ်းသည့် သဘောတရားစာတမ်း (Concept Note) ကို အစည်းအဝေးက အတည်ပြုသည်။

ထို့နောက် နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းများဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့မှ တာဝန်ရှိသူများက ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာစီးပွားရေးတိုးတက်မှုများနှင့် သုံးသပ်ချက်များ၊ အရင်းအနှီးစျေးကွက်ပိုမိုပေါင်းစည်းဆောင်ရွက်နိုင်ရေးအတွက် digital platforms များတည်ဆောက်ခြင်းနှင့် fintech ကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာနည်းလမ်းများ အသုံးပြုဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အဖြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင်ကျင်းပသည့် (၁၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးတွင် အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံက ၎င်း၏အလှည့်ကျ သဘာပတိအဖြစ်ဆောင်ရွက်သည့် ကာလအတွင်းဆောင်ရွက်မည့် Priority Economic Deliverables (PEDs) ကိစ္စရပ်များ၊ ASEAN Economic Community (AEC) Strategic Plan 2026–2030 တွင်ပါဝင်သော Finance Sectoral Plan ၏ ဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးပေါင်းစည်းမှုဆိုင်ရာ လမ်းပြမြေပုံ အကောင်အထည်ဖော်မှုအခြေအနေများ၊ ASEAN Taxonomy for Sustainable Finance Version 4 ထုတ်ဝေမည့်ကိစ္စများ၊ အာဆီယံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု (ASEAN–ADB Strategic Partnership) တိုးချဲ့ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြရာ အစည်းအဝေးက မှတ်တမ်းတင်သည်။

ထို့နောက် (၁၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး ပူးတွဲကြေညာချက်ကို အပြီးသတ်ဆွေးနွေးအတည်ပြုကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်သိမ်းခဲ့သည်။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို ဝုခနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်ပြီး လာမည့်နှစ်တွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

စစ်ကိုင်းတိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

မုံရွာ ဧပြီ ၁၁

ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်သူရနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုခြင်းခံရသည့် စစ်သည် ပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ထူးဆောင်တံဆိပ်၊ လက်မှတ်များ၊ စစ်ရေးချုပ်ရုံးနှင့် တိုင်းစစ်ဌာနချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအတွက် ပြည်သူ့စစ်မှုထမ်းတစ်ဦး ထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၇၀ ပေးအပ်ချီးမြှင့်ပြီး ပြည်သူ့စစ်မှုထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

(၂၂)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် ဧပြီ ၁၁

(၂၂)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး (22nd ASEAN Central Bank Governors' Meeting–ACGM)၊ (၁၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး (13th ASEAN Finance Ministers' and Central Bank Governors' Meeting–AFMGM) နှင့် ဆက်စပ်အစည်းအဝေးများကို ဧပြီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် ကြီးမှူး၍ Fully Virtual စနစ်ဖြင့်ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Video Conferencing ဖြင့် တက်ရောက်သည်။

ဧပြီ ၉ ရက်တွင် ဆက်စပ်အစည်းအဝေးအဖြစ် ကျင်းပသည့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အမှုဆောင်အရာရှိချုပ်များအစည်းအဝေးတွင် အာဆီယံဘဏ်များအသင်းက အာဆီယံအခြေပြု Artificial Intelligence ဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများနှင့် အာဆီယံဒေသတွင်း လိမ်လည်လှည့်ဖြားမှုများဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ငွေရေးကြေးရေးကြံ့ခိုင်မှုရှိရေးဆိုင်ရာ အဆင့်မြင့်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ငွေရေးကြေးရေးကြံ့ခိုင်မှုနှင့်စပ်လျဉ်း၍ ငွေရေးကြေးရေးတည်ငြိမ်ရေး ဆောင်ရွက်ချက်များ၏ အရေးပါမှုအခြေအနေများ၊ ထွန်းသစ်စနိုင်ငံများ၏ စွေးကွက်စီးပွားရေးတွင် ပြည်တွင်းအပ်ငွေများနှင့် စပ်လျဉ်း၍ ဒစ်ဂျစ်တယ်ငွေကြေးများ၏ အခန်းကဏ္ဍ ဆိုင်ရာကိစ္စရပ်များ၊ ယင်းနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်များ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် မဟာဗျူဟာနည်းလမ်းများ၊ အားလုံးပါဝင်သော လုံခြုံစိတ်ချရသည့် ဒစ်ဂျစ်တယ်ငွေရေးကြေးရေး ဆိုင်ရာ အခန်းကဏ္ဍများ စသည့်ကိစ္စရပ်များအပေါ် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ချိတ်ဆက်အသုံးပြုဆောင်ရွက်လျက်ရှိ

အဆိုပါ အဆင့်မြင့်စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးက အာဆီယံနိုင်ငံများမှ နိုင်ငံအလိုက် ငွေရေးကြေးရေးကြံ့ခိုင်မှုရှိရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် MMQR (Myanmar QR) စနစ်အား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် တရားဝင်စတင်မိတ်ဆက်ခဲ့ပြီး MMQR သည် National QR Standard ဖြစ်ပြီး ဘဏ်များနှင့် မိုဘိုင်း Wallet များကြား ငွေပေးချေမှုများကို တစ်ပြေးညီ အပြန်အလှန်ချိတ်ဆက် အသုံးပြုဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ဦးဆောင်မှုဖြင့် ဒစ်ဂျစ်တယ်ငွေရေးကြေးရေးဆိုင်ရာ မြှင့်တင်ဆောင်ရွက်မှုများ၊ ပဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ဒစ်ဂျစ်တယ်ငွေရေးကြေးရေးဝန်ဆောင်မှုများတွင် ဆုံးရှုံးနိုင်ခြေများအတွက် ဆိုက်ဘာလုံခြုံရေး၏ အရေးပါမှုအခြေအနေများ၊ ဒစ်ဂျစ်တယ်ငွေရေးကြေးရေးဆိုင်ရာ အများပြည်သူသို့ အသိပညာပေးရေးဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးသည်။

ဧပြီ ၁၀ ရက်တွင် ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးနှင့် (၁၃)ကြိမ်မြောက်အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတွင် ၂၀၂၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ တိုးတက်မှုအခြေအနေများနှင့် ယင်းအပေါ် အကဲဖြတ်လေ့လာခဲ့ရာတွင် တွေ့ရှိခဲ့သည့်ရလဒ်များနှင့် အကြံပြုချက်များ၊ ၂၀၂၅ ခုနှစ် မလေးရှားနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်ကာလအတွင်း အဆိုပြုခဲ့သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့်အခြေအနေများ၊ ၂၀၂၆ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ၂၀၂၆–၂၀၃၀ ခုနှစ်များတွင် ဆက်လက်ဆောင်ရွက်မည့် မဟာဗျူဟာလုပ်ငန်းစဉ်များ၊ အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ်ဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ အာဆီယံငွေကြေးနှင့် ငွေရေးကြေးရေးပေါင်းစည်းရေးလမ်းပြမြေပုံအရဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ တိုးတက်မှုအခြေအနေများ၊ အာဆီယံဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုအလိုက် စနစ်တကျချဲ့ခြင်းသတ်မှတ်ခြင်း ဆိုင်ရာ စတုတ္ထအကြိမ် အစီရင်ခံစာထုတ်ဝေမှုနှင့် စပ်လျဉ်းသည့်အခြေအနေများ စသည့် ကိစ္စရပ်များအပေါ် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အတည်ပြုချက်ရယူသည့် ကိစ္စရပ်များကို အတည်ပြုပေးခဲ့ကြသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့အပြင် ဆက်စပ်အစည်းအဝေးဖြစ်သည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများ အစည်းအဝေးတွင် အရင်းအနှီးဈေးကွက်များပေါ်ပေါက်စည်းရာ၌ ငွေရေးကြေးရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုများ၏ အခန်းကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုများတွင် ပွင့်လင်းမြင်သာမှုနှင့် ဘဏ္ဍာရေးစည်းမျဉ်းဆိုင်ရာကိစ္စရပ်များအတွက် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ရှင်းလင်းတင်ပြမှုများအပေါ် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် (၁၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေး ဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၏ ပူးတွဲကြေညာချက်အား အပြီးသတ်ဆွေးနွေး၍ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများကအတည်ပြုခဲ့ကြပြီး (၁၄)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို လာမည့် ၂၀၂၇ ခုနှစ်တွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေးအသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများတွင် နားနေပါ။ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ။ ရေဓာတ်ခန်းခြောက်မှုမှ ကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ။ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာခံစားရနိုင်သည်ကို အထူးသတိပြုပါ။

(ခ) ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသော ရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ။ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ။ ရေကစားရာတွင် မျက်လုံး၊ နာ၊ ပါးစပ်ထဲသို့ ရေများမဝင်အောင် သတိပြုပါ။ ဖိအားဖြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများ ကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ။ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ။

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ။ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ။ အစားအသောက် ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုဆောင်ရွက်ပါ။ အစားအစာများကို ယင်နှားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ။

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

မကွေး ဧပြီ ၁၁

မြန်မာ့ဘောလုံးအားကစားကျယ်ပြန့်စွာ တိုးတက်ဖြင့်မားရေးကို အထောက်အကူပြုစေရေး မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘောလုံးအားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုထွန်းကားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်နှင့် အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းနားကို ယမန်နေ့ညနေ ၄ နာရီက တိုင်းဒေသကြီးအားကစားကွင်း၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗိုလ်လုပွဲစဉ်အဖြစ် အောင်လံခရိုင်အသင်းနှင့် မင်းဘူးခရိုင်အသင်း ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ဆုပေးပွဲအခမ်းအနားတွင် ဆုရရှိသူများအား တစ်ဦးချင်းဆွဲပြားများ၊ ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မရပ်ဖနှင့် လူငယ်မောင်မယ်များ၊ ဖိတ်ကြားထားသော အားကစားဝါသနာရှင်များ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်နိုင်မင်း
(ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ငြိမ်းချမ်းရေး (၃၅)နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုပွဲတက်ရောက်

တောင်ကြီး ဧပြီ ၁၁

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ငြိမ်းချမ်းရေးအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေး(ဒဲဉ်သီးဗွေ) ကွင်း၌ အထူးဒေသ(၆)ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် (PNO) ငြိမ်းချမ်းရေး(၃၅)နှစ်ပြည့် အထိမ်းအမှတ်ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဂုဏ်ယူကြောင်းပြောကြား

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)သည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးတည်ဆောက်ပြီး နောက်ပိုင်း အထူးဒေသ(၆) တစ်ခုလုံး၏ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရတို့နှင့် လက်တွဲပြီး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အောင်မြင်မှုအသီးအပွင့်များသည် ပအိုဝ်းဒေသအတွင်း မိုတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများ၏ လူနေမှုဘဝတို့ကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားစွာ မြင်တွေ့နိုင်ကြောင်း၊ လက်ရှိဖြစ်ပွားလျက်ရှိသော ပြည်တွင်းပဋိပက္ခများတွင် ပအိုဝ်းအမျိုးသားများသည် နိုင်ငံတော်အကျိုး၊ ပြည်နယ်အကျိုး၊ ဒေသအကျိုးတို့ကို ဦးစားပေးရှေးရှုကာ နိုင်ငံတော်နှင့်အတူ မားမားမတ်မတ် ရပ်တည်၍ ရင်ဆိုင်ဖြေရှင်းခဲ့သည်ကို တွေ့မြင်ခဲ့ရသည့်အတွက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ပွဲဖြစ်မြောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဖြားခွန်စံလွင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ငြိမ်းချမ်းရေး(၃၅)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဂုဏ်ယူကြောင်းပြောကြား

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)သည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးတည်ဆောက်ပြီး နောက်ပိုင်း အထူးဒေသ(၆) တစ်ခုလုံး၏ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရတို့နှင့် လက်တွဲပြီး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အောင်မြင်မှုအသီးအပွင့်များသည် ပအိုဝ်းဒေသအတွင်း မိုတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများ၏ လူနေမှုဘဝတို့ကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားစွာ မြင်တွေ့နိုင်ကြောင်း၊ လက်ရှိဖြစ်ပွားလျက်ရှိသော ပြည်တွင်းပဋိပက္ခများတွင် ပအိုဝ်းအမျိုးသားများသည် နိုင်ငံတော်အကျိုး၊ ပြည်နယ်အကျိုး၊ ဒေသအကျိုးတို့ကို ဦးစားပေးရှေးရှုကာ နိုင်ငံတော်နှင့်အတူ မားမားမတ်မတ် ရပ်တည်၍ ရင်ဆိုင်ဖြေရှင်းခဲ့သည်ကို တွေ့မြင်ခဲ့ရသည့်အတွက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ပွဲဖြစ်မြောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဖြားခွန်စံလွင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ငြိမ်းချမ်းရေး(၃၅)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဴး ကျောဖုံးမှ

စစ်မှုထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက် လာကြသူများအား လက်ဖက်ရည်ပိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြပြီး နိုင်ငံ့သားကောင်း စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသောတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများ အဖြစ် ကမ္ဘည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြဖြိုဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့ စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေး အတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းများသည် စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘော ဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်သို့ အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ် ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ် ချီးမြှင့်သည့် ထိုကဲ့သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများကို အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒပြုသည့် အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်တွင်း/ပြည်ပ အလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်း ကော်မတီများနှင့် ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များ လည်းရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်ကာလ ပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့ စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို သတ်မှတ်ချက်များနှင့်အညီ တန်ဖိုးထားခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူအကြား ယုံကြည်မှုနှင့် တာဝန်သိမှုကို ဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခု ဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက် ရှိသည့် ပြည်သူ့စစ်မှုထမ်းများနှင့် သင်တန်း တက်ရောက်နေဆဲဖြစ်သည့်ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ် လူငယ်လူရွယ်များအတွက် လည်း စံနမူနာကောင်းတစ်ခုပင် ဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကို လည်း ယခုကဲ့သို့ကြားသိရပါသည်။

၁။ ကျွန်တော် ပြည်သူ့စစ်မှုထမ်း ထဲဝင်ရောက်ရတဲ့ အကြောင်း ရင်းကတော့ ဥပဒေပြဋ္ဌာန်း လိုက်ကတည်းက ရည်ရွယ်ချက် လေးတွေရှိတော့ ရည်ရွယ်ချက် လေးတွေ ပြည့်မြောက်ချင်လို့ ဝင်လာခဲ့တာပါ။ နှစ်နှစ် ကာလ မှာလည်း တွေ့ကြုံခဲ့ရတာကတော့ စစ်သားတစ်ယောက်ရဲ့ နေ့စဉ် လှုပ်ရှားမှုတွေ၊ သူတို့ ဘယ်လို ကျော်ဖြတ် နေရတယ်ဆိုတဲ့ ဟာတွေကို ကျွန်တော်တို့ သိခဲ့ရ ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင် လည်း သူတို့နဲ့ ပူးပေါင်းပြီးတော့ နှစ်နှစ်တာ ကာလပြီးဆုံးတဲ့အထိ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါ တယ်။ ဒီကာလပြီးတော့ နောင်ဝင်လာမယ့် လူငယ်တွေကိုလည်း ဘာပြောချင်လဲ ဆိုတော့ ကိုယ်တိုင် ကြီးစားကြည့်ပါ။ ဘေးစကားတွေကို မယုံပါနဲ့။ ကိုယ်တိုင်လုပ်ကြည့်မှ ကိုယ်တိုင် သိမှာပါ။ မည်သည့်အရာမဆို ကိုယ့်စဉ်းစား ဆင်ခြင်ဉာဏ်နဲ့ ကိုယ်တိုင်ဆုံးဖြတ်ပြီးတော့ ဝင်စေချင်တယ်လို့ ကျွန်တော်အကြံ ပြုချင်ပါတယ်။

၂။ ကျွန်တော့်ရဲ့ အသိစိတ်ဓာတ်နဲ့ ကျွန်တော့်ရည်ရွယ်ချက်နဲ့ ဘယ်သူမှ မတိုက်တွန်းဘဲ ကျွန်တော့်ကိုယ် ကျွန်တော် ယုံယုံကြည်ကြည်နဲ့ ဝင်လာခဲ့တာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ကျွန်တော် အခုလို စစ်သားတစ်ယောက်ဖြစ်ရတဲ့၊ စစ်ပညာတွေသင်ကြားရတဲ့ အတွက် ကျွန်တော့်ကိုယ် ကျွန်တော် အများကြီး ဂုဏ်ယူမိတယ်။ မြန်မာနိုင်ငံမှာနေရင်တော့ မြန်မာနိုင်ငံကထုတ်တဲ့ ဥပဒေကိုတော့ လိုက်နာရမှာပဲ။ စစ်မှုထမ်းအပတ် စဉ်ကို ထပ်လာမယ့် ညီငယ်လေးတွေကိုလည်း ဘာမှ စိုးရိမ်မကြောင့်ကြဘဲနဲ့ ကိုယ့်ကိုယ် ကိုယ် ယုံယုံကြည်ကြည်နဲ့ လာပြီးတော့ တာဝန်ထမ်းဆောင်ဖို့လည်း ကျွန်တော်က ဖိတ်ခေါ်ပါတယ်။

သတင်းစဉ်

Artemis II လူလိုက်ပါသည့် အာကာသယာဉ် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိ

ဝါရှင်တန် ဧပြီ ၁၁

အမေရိကန်ဦးဆောင်သော လကမ္ဘာစူးစမ်းလေ့လာရေး စီမံကိန်း၏ ပထမဆုံးလူလိုက်ပါသည့် အာကာသယာဉ်သည် လကမ္ဘာကိုလှည့်ပတ်ပျံသန်းသည့် ခရီးစဉ်ပြီးဆုံးပြီးနောက် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း အင်နဒ်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

Orion အာကာသယာဉ်သည် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ကမ်းလွန်ပစိဖိတ်သမုဒ္ဒရာထဲသို့ ဧပြီ ၁၁ ရက်တွင် ဘေးအန္တရာယ်ကင်းစွာ ဆင်းသက်နိုင်ခဲ့သည်ဟု အမေရိကန်အာကာသအေဂျင်စီ နာဆာက ထုတ်ပြန်ထားသည်။

ပစိဖိတ်သမုဒ္ဒရာထဲသို့ ဘေးအန္တရာယ်ကင်းစွာ ဆင်းသက်ပြီး မကြာမီ လေ့များနှင့် ရဟတ်ယာဉ် တစ်စင်းက အဆိုပါ အာကာသယာဉ်အနီးသို့ ချဉ်းကပ်သွားခဲ့ကြောင်း ရုပ်သံမှတ်တမ်းတွင် တွေ့ရသည်။ အာကာသယာဉ်မှူးလေးဦးသည် ကျန်းမာရေး စစ်ဆေးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နာဆာ က ပြောသည်။

အဆိုပါ အာကာသယာဉ်မှူးများသည် ၁၀ ရက်ကြာ Artemis II မစ်ရှင်၏ ခြောက်ရက်မြောက်နေ့တွင် ကမ္ဘာမြေမှ ၄၀၆၇၇၁ ကီလိုမီတာ အကွာအဝေးသို့ ရောက်ရှိခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘာ့သမိုင်းတစ်လျှောက် လူသားများအဝေးဆုံးအကွာအဝေးသို့ သွားရောက်နိုင်သည့် ခရီးစဉ်အဖြစ် စံချိန်မှတ်တမ်းသစ်စိုက်ထူနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ယင်းအကွာအဝေးသည် ၁၉၇၀ ပြည့်နှစ်က Apollo 13 ရောက်ရှိခဲ့သော ယခင်စံချိန်ထက် ၆၆၀၀ ကီလိုမီတာခန့် ပိုမိုရောက်ရှိခဲ့ကြောင်း သိရသည်။

စံချိန်မှတ်တမ်းသစ်မရေးထိုးမီ Orion အာကာသယာဉ်သည် လနှင့်အနီးဆုံးသို့ ချဉ်းကပ်နိုင်ခဲ့ပြီး ကမ္ဘာမြေမှ မြေင်တွေ့နိုင်သော ချိုင့်ခွက်များအပါအဝင် ဓာတ်ပုံနှင့် ဗီဒီယိုအများအပြားကို ရိုက်ယူနိုင်ခဲ့ကြောင်း သိရသည်။ Artemis စီမံကိန်းသည် လွန်ခဲ့သော ရာစုနှစ်ဝက်ခန့်က Apollo အစီအစဉ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အာကာသယာဉ်မှူးများ လပေါ်သို့ ဆင်းသက်ရန် ရည်ရွယ်ထားသည်။

အင်နဒ်အိတ်ချ်ကေ

သီရိလင်္ကာနိုင်ငံ၌ နှစ်သစ်ကူးပိတ်ရက်ကာလ ဓာတ်ဆီသုံးယာဉ်များ ခွဲတမ်းမဟုတ်ဘဲ ဆီဖြည့်နိုင်

ကိုလံဘို ဧပြီ ၁၁

သီရိလင်္ကာနိုင်ငံ၏ နိုင်ငံပိုင် ဆီတင်သွင်းဖြန့်ဖြူးရေး ကုမ္ပဏီဖြစ်သည့် Ceylon Petroleum Corporation က ဓာတ်ဆီကား ပိုင်ရှင်များအနေဖြင့် ၎င်းတို့၏ ယာဉ်များကို QR ကုတ်စနစ် အခြေပြုခွဲတမ်းဖြင့်ရောင်းချသည့် စနစ်မပါဘဲ ဧပြီ ၁၁ ရက်မှ ၁၈ ရက်အထိ ဆီဖြည့်နိုင်သည်ဟု ဧပြီ ၁၁ ရက်တွင် ပြောသည်။

ဆင်းဟာလာနှင့် တမီးလ် နှစ်သစ်ကူးရာသီအတွင်း နိုင်ငံတစ်ဝန်း ခရီးသွားလာမှု ပုံမှန်မြင့်တက်လေ့ရှိသည့် အတွက် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒီဂျေ ရာဂျာကာရုနာက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

သီရိလင်္ကာနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ရေနံထောက်ပံ့မှု ပြတ်တောက်မှုများ အကြားတွင် အရန်ဆီများကို စီမံခန့်ခွဲရန် အတွက် မတ် ၁၅ ရက်မှ စတင်၍ မော်တော်ယာဉ်များကို QR ကုတ်စနစ်ဖြင့် စက်သုံးဆီ ရောင်းချခဲ့သည်။

နောက်ပိုင်းတွင် အာဏာပိုင်များသည် ဝယ်လိုအားနှင့် ရရှိနိုင်ခြေအပေါ်မူတည်၍ ချိန်ညှိပြောင်းလဲခဲ့သည်။

ဆင်ဟွာ

၂၀၂၉ ခုနှစ်အတွက် ကမ္ဘာဘဏ် - အိုင်အမ်အက်ဖ် အစည်းအဝေးများကို ယူအေအီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

အာဘူဒါဘီ ဧပြီ ၁၁

ကမ္ဘာဘဏ်အုပ်စုနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) တို့၏ ၂၀၂၉ ခုနှစ်အတွက် အစည်းအဝေးများကို အဘူဒါဘီ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဟု အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နိုင်ငံက ဧပြီ ၁၀ ရက်တွင် ကြေညာခဲ့သည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းသည် ကမ္ဘာဘဏ္ဍာရေးလောကတွင် ယူအေအီးနိုင်ငံ၏ဖွံ့ဖြိုးလာသော အခန်းကဏ္ဍနှင့် နိုင်ငံ၏စီးပွားရေးနှင့်အုပ်ချုပ်မှုတို့တွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှုကိုပေါ်လွင်စေသည်ဟု ယူအေအီးနိုင်ငံ၏ ဒုတိယဝန်ချုပ်ဝန်ကြီးချုပ် ရှိတ်ခ်မိုဟာမက် ဘင်ရာရှစ်အယ်မာခ်တွမ်က ပြောသည်။

အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းသည် နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေးခိုင်မာစေခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတည်ငြိမ်မှုတို့ကို ထောက်ပံ့ပေးသည့် ယူအေအီး၏ မူဝါဒနှင့်ကိုက်ညီမှုရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ နှစ်စဉ်ကျင်းပသည့် အစည်းအဝေးများသည် ကမ္ဘာ့အထင်ရှားဆုံး စီးပွားရေးတွေ့ဆုံမှုများဖြစ်သည်။

နိုင်ငံပေါင်း ၁၉၀ ကျော်က ဘဏ္ဍာရေးဝန်ကြီးများ၊ မူဝါဒချမှတ်သူများနှင့် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများကို အတူတကွ တွေ့ဆုံစေပြီး ဘဏ္ဍာရေးတည်ငြိမ်မှု၊ ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆွေးနွေးကြသည့် အစည်းအဝေးများဖြစ်သည်။

ယူအေအီးနိုင်ငံအနေဖြင့် အဆိုပါပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းသည် ကမ္ဘာ့စီးပွားရေးဆိုင်ရာအုပ်ချုပ်မှုတွင် ၎င်း၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအတွက် ပလက်ဖောင်းတစ်ခုအဖြစ် ခိုင်မာစေသည်ဟု လေ့လာသူများက ပြောသည်။

ဆင်ဟွာ

သံတမန်ရေးရာအပါအဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် တန်ဇန်နီးယားနှင့် ကင်ညာနိုင်ငံတို့ သဘောတူ

ဒါအက်စ်ဆလမ် ဧပြီ ၁၁

တန်ဇန်နီးယားနှင့် ကင်ညာနိုင်ငံတို့သည် ကုန်သွယ်မှုကို မြှင့်တင်ရေး၊ စီးပွားရေးဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရေး၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ မြှင့်တင်ရေးတို့ကို အထူးအလေးထားကာ သံတမန်ရေးရာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် သဘောတူခဲ့ကြောင်း တန်ဇန်နီးယားနိုင်ငံခြားရေးရာနှင့် အရှေ့အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက ဧပြီ ၁၁ ရက်တွင် ထုတ်ပြန်ထားသည်။

အသစ်ပြန်လည် အတည်ပြုလိုက်သော ယင်းကတိကဝတ်ကို တန်ဇန်နီးယားနိုင်ငံ ဒါအက်စ်ဆလမ်မြို့တွင် ပြုလုပ်သည့် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ အကြား အဆင့်မြင့်ဆွေးနွေးပွဲအတွင်း ရရှိခဲ့ခြင်းဖြစ်သည်။

တန်ဇန်နီးယား နိုင်ငံခြားရေးရာနှင့် အရှေ့အာဖရိက ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဆာမြူရယ်ရှီလူကင်ဒိုက နှစ်နိုင်ငံ အကြား ဆက်ဆံရေးမှာ ခိုင်မာအားကောင်းလျက် ရှိကြောင်း ပြောသည်။

ကင်ညာနိုင်ငံခြားရေးဝန်ကြီး အေဗရာဟမ် ဆင်းအိုအီကလည်း နှစ်နိုင်ငံ ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို ကျော်လွန်လာပြီဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးမြှင့် လုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း၌ ပစ်ခတ်မှုကြောင့် သေဆုံးသူ ၁၁ ဦးအထိရှိလာ

ကဘူးလ် ဧပြီ ၁၁

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်၌ ကြောက်မက်ဖွယ် သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၁၁ ဦးအထိ ရှိလာသည်ဟု ပြည်နယ်အရာရှိတစ်ဦးက ဧပြီ ၁၁ ရက်တွင် ပြောသည်။ ဒဏ်ရာရရှိသူများထဲမှ လေးဦးမှာ သေနတ်ဒဏ်ရာများကြောင့် သေဆုံးသွားခဲ့သည်။

ဟီရတ်ပြည်နယ် အင်ဂျခရိုင်၌ ဧပြီ ၁၀ ရက်တွင် လက်နက်ကိုင် ဆောင်ထားသည့်လူတစ်ဦးက လူအုပ်အတွင်း သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး အဆိုပါ ပစ်ခတ်မှုကြောင့် ခုနစ်ဦး သေဆုံးကာ ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။ ပစ်ခတ်မှု သံသယရှိသူကို ဖမ်းဆီးထားပြီး အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမှ ဝန်ခံပြောကြားခြင်းမရှိကြောင်း သိရသည်။

ဆင်ဟွာ

လက်ဘန္ဓနိုနိုင်ငံ၌ စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့ရနိုင်

ရောမ ဧပြီ ၁၁ – လက်ဘန္ဓနိုနိုင်ငံသည် စားနပ်ရိက္ခာမလုံလောက်မှုအကျပ်အတည်းနှင့် ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိကြောင်း ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ဧပြီ ၁၀ ရက်က သတိပေးထားသည်။ ဩစတြေးလျှအထူးရုပ်သံလွှင့်ဌာန (SBS) နှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုတွင် WFP ဌာန ညွှန်ကြားရေးမှူး အလစ္စဆန်အိုမန်လာဝီက လက်ဘန္ဓနိုနိုင်ငံတွင် အခြေအနေများ ပိုမိုဆိုးရွားလာခဲ့သည်မှာ တစ်လတာကြာမြင့်လာပြီဖြစ်ကြောင်း ပြောကြားသည်။ နေရပ်စွန့်ခွာမှုအကျပ်အတည်း ဖြစ်ပေါ်လာရာမှ ယခုအခါ ပိုမိုဆိုးရွားသည့် စားနပ်ရိက္ခာမလုံလောက်မှုအကျပ်အတည်းသို့ ပြောင်းလဲလာနေခြင်းဖြစ်ကြောင်း၊ လက်ဘန္ဓနိုနိုင်ငံတစ်ဝန်း နေရပ်စွန့်ခွာသူပေါင်း တစ်သန်းကျော်လာပြီဖြစ်ပြီး လူပေါင်း ၁၄၀၀၀၀ ဝန်းကျင်မှာ စုပေါင်းဒိုလ်ရာဝန်းများနှင့် စာသင်ကျောင်းများတွင် ခိုလှုံနေကြရကြောင်း အိုမန်လာဝီက ဆက်လက်ပြောကြားသည်။ WFP သည် အခြေအနေကို အနီးကပ်စောင့်ကြည့်နေပြီး လက်ဘန္ဓနိုပြည်သူများ၏ စားနပ်ရိက္ခာလိုအပ်ချက်များအတွက် ထောက်ပံ့ပေးနိုင်ရေး အစိုးရ၊ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ပေါ်ရှိ ယာယီတိမ်းရှောင်စခန်းများသို့ သွားရောက်ကြည့်ရှုအားပေးထောက်ပံ့

မြစ်ကြီးနား ဧပြီ ၁၁

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေး အခြေအနေအရ ခရိုင်/ မြို့နယ်အသီးသီးမှ တိမ်းရှောင်၍ မြစ်ကြီးနားမြို့၌ လာရောက်ခိုလှုံနေထိုင်လျက်ရှိသော ယာယီတိမ်းရှောင်ပြည်သူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးရာဝမ်ဂျုံးနှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ပေါ်ရှိ ယာယီတိမ်းရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးထောက်ပံ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ကြာရာပတ္တီး - ဘီအတွင်းရှိ ရှင်သန်ခြင်းဇုံဝေလေ နှစ်ခြင်းအသင်းတော်ခြံဝင်းအတွင်းရှိ ယာယီတိမ်းရှောင်စခန်းသို့ သွားရောက်၍ အိမ်ထောင်စုများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အဆိုပါ စခန်းအတွင်းရှိ ဝိုင်းမော်၊ ဆော့လော်၊ ဖားကန့်မြို့နယ်တို့မှ ခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စု ၆၈ စုတို့အတွက် ငွေကျပ် ၆၁၆၇၆၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်ပါအိတ် ၆၈ အိတ်၊ ဆီ ၆၈ ပိသာတို့ကို ထောက်ပံ့ပေးအပ်ကြရာ စခန်းတာဝန်ရှိသူက ကျေးဇူးတင်စကားနှင့် စခန်းနေ မိသားစုများအတွက် လိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် မြစ်ကြီးနားမြို့ မနံခိန်ရပ်ကွက် အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ပိုင်မြေနေရာတွင် ဒေသတွင်းရှိ ယာယီတိမ်းရှောင် မိသားစုများအား သက်ဆိုင်ရာဒေသအလိုက် အစုအဖွဲ့ဖြင့် နေထိုင်နိုင်ရေး နေရာချထားပေးခဲ့သော မြေနေရာ ပေါ်တွင် ဗန်းမော်ခရိုင်အတွင်းမှ အိမ်ထောင်စု ၁၀၀ ကျော်ကို နေရာချထားပေးနိုင်ရေး ယာယီနေအိမ် တန်းလျားများ တည်ဆောက်လျက်ရှိသည့် Blessing စခန်းအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မိုးမကျမီ အမြန်ဆုံးတည်ဆောက်ပြီးစီးရေး အတွက် လိုအပ်သည်များကို စခန်းတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ပေးအပ်သည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အမှတ်(၈) နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့ ဆွမ်ပရာဘွမ်လမ်းမ အရှည်ပေ ၉၀၀ ကျော်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် ဗဟိုမဏ္ဍပ်တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ဌာနဆိုင်ရာနှင့် ရပ်ကွက်ယိမ်းအဖွဲ့များ ကြိုတင်အစမ်းလေ့ကျင့် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

လွိုင်ကော်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး မဏ္ဍပ်များတည်ဆောက်ပြီးစီးမှု ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဧပြီ ၁၁

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံမော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကန္ဒာဟေဝန်ပန်းခြံ ကျောက်သားရင်ပြင်အတွင်း ဗဟိုမဏ္ဍပ်ဆောက်လုပ်ပြီးစီးမှုနှင့် လမ်းလျှောက်သင်္ကြန်၊ သန့်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်နှင့် ထမနဲသင်္ကြန်ကျင်းပရန် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လမ်းလျှောက်သင်္ကြန် ကျင်းပမည့် နေရာများနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဗဟိုမဏ္ဍပ်နှင့် ရေကစား မဏ္ဍပ်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မဟာသင်္ကြန်ပွဲတော်ကို အနှစ်သာရရှိစွာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ လမ်းလျှောက်သင်္ကြန်၌ ရေလုံလောက်စွာ ရရှိရေးနှင့် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ ထမနဲသင်္ကြန်၊ သန့်ခါးသင်္ကြန်နှင့် လက်ဖက်သင်္ကြန်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများ ပေါ်လွင်ထင်ဟပ်အောင် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ဌာနဆိုင်ရာအသီးသီးမှ ယိမ်းအဖွဲ့ ၁၃ ဖွဲ့၊ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် "မြန်မာ့ရိုးရာသနပ်ခါးလှယဉ်ကျေးမယ်" ပြိုင်ပွဲကို သင်္ကြန်အကြိုနေ့နှင့် အကျနေ့များတွင် ကျင်းပသွားမည်ဖြစ်ပြီး လွိုင်ကော်မြို့ မြို့နှာခံစေတီတော်ရှေ့ရှိ သနပ်ခါးသင်္ကြန်မဏ္ဍပ်တွင် သနပ်ခါးလာရောက် လိမ်းခြယ်ကာ အလှဓော်ပုံရိုက်ကူး၍ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆုများကို သင်္ကြန်အတက်နေ့တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ပုသိမ် ဧပြီ ၁၁

၂၀၂၆ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့က ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဧည့်သည်တော်များသည် ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြောင်းမြခရိုင် အသင်းနှင့် ပုသိမ်ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ၂၀၂၆ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပရာ ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဧနီးတို့က ဆုများချီးမြှင့်သည်။

ထို့နောက် စစ်တုရင်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသည့် ပုသိမ်မြို့နယ်အသင်း၊ အမျိုးသားအသင်းလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြောင်းမြခရိုင်အသင်း၊ အမျိုးသမီးအသင်းလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်း၊ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အမရပူရမြို့နယ်၌ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းဆိုင်ရာ အသိပညာပေး

အမရပူရ ဧပြီ ၁၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက် ၁၁ နာရီက စားသုံးသူရေးရာ အသိပညာပေးခေါင်းစဉ်အောက်မှ အွန်လိုင်းစနစ်ဖြင့် (Online Sale) လုပ်ငန်းများ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းဆိုင်ရာအသိပညာပေး Talk Show ကို ပြုလုပ်သည်။

အဆိုပါ အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းက မေးမြန်းသူအဖြစ် ဆောင်ရွက်ပြီး မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ထုတ်ကုန်လုံခြုံစိတ်ချဦးစီးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက ဖြေကြားသူအဖြစ်ဆောင်ရွက်ခဲ့သည်။ ယခု Talk Show တွင် အွန်လိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ အဓိကထုတ်ပြန်ခြင်း၊ မှတ်ပုံတင်လျှောက်ထားရာတွင် မဖြစ်မနေပူးတွဲတင်ပြရမည့် အထောက်အထားများ၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်နိုင်သည့် အကြောင်းအရာများနှင့် ကျခံရနိုင်သည့်ပြစ်မှု၊ ပြစ်ဒဏ်များကို ပြည်သူများ အသိပညာပေးဟုသုတရရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

စိုးသီဟ(အမရ)

✪ *ကျောဖိုးမှ*

၃၂ ပွဲကစားပြီး ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံး၌ ဆက်လက်ရပ်တည်နေသည်။

ည ၆ နာရီက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်နှင့် ဘုန်းမောက်အသင်းပွဲစဉ်တွင် ဘုန်းမောက်အသင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး နစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ လေးပွဲတွင် ရှုံးပွဲသုံးပွဲအထိ ရှိလာပြီဖြစ်သည်။ ပြိုင်ဘက်ဘုန်းမောက်အသင်းက ယခုအနိုင်ပွဲကြောင့် နောက်ဆုံး၁၆ပွဲ ဆက် သရေကျမှုကို အဆုံးသတ်နိုင်ခဲ့သည်။

အောင်ဇော်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

မြန်မာ့ဓလေ့ကို ဖော်ကျူးသည့် မြန်မာတို့၏ လတန်ခူး

မြန်မာတို့၏ နှစ်သစ်ကူး အခါသမယသည် နှစ်စဉ်တန်ခူးလတွင် ကျရောက်သည်။ မြန်မာပြက္ခဒိန်၏ ပထမဆုံးလဖြစ်သည့် တန်ခူးလတွင် သင်္ကြန်ပွဲတော်ကို ကျင်းပကြသည်။ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၂ ရက် (ဧပြီ ၁၇ ရက်) သောကြာနေ့သည် မြန်မာနှစ်ဆန်း (၁)ရက်နေ့ဖြစ်သည်။

ဆုလတ်မေ

ထိုနေ့တွင် နှစ်ဟောင်း ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်ဆိုသော နှစ်သစ်သို့ကူးပြောင်းသွားပြီဖြစ်သည်။ ထိုနေ့သည် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် စစ်မှန်သော နှစ်သစ်ကူးနေ့ပင်ဖြစ်သည်။ ထိုနေ့တွင် ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း၊ ကိုယ်ချင်းစာတရား ထားကာ ရိုင်းပင်းကူညီခြင်း စသည့် မင်္ဂလာရှိသော လုပ်ဆောင်မှုများဖြင့်သာ ဖြတ်သန်းသွားမည်ဆိုလျှင် တစ်နှစ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေမည်ဖြစ်သည်၊ ကျန်းမာပျော်ရွှင်ကြမည်ဖြစ်သည်၊ အောင်မြင်မှုများကို ပိုင်ဆိုင်နိုင်ကြမည် ဖြစ်သည်။ အထူးသဖြင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဘဝအတွက် အရေးပါသော ဆုံးဖြတ်ချက်တစ်ခုခုကို ချမှတ်သင့်သည်။ နှစ်သစ်အတွက် ဆုံးဖြတ်ချက် မချမှတ်သေးဖို့ နှစ်ဟောင်းကာလတွင် ဆောင်ရွက်နိုင်ခဲ့မှုများကိုလည်း ပြန်လည်သုံးသပ်သွားသင့်ပါသည်။

မကောင်းမှုများကို ဆေးကြော်သင့်

သင်္ကြန်ကာလတွင် နှစ်ဟောင်းမှ အညစ်အကြေးများ၊ မကောင်းမှုများ ကင်းစင်စေရန် ရေပက်ဖျန်းကြသည်ဟု ဆိုသည်။ ရေပက်ဖျန်းရုံမျှဖြင့် အညစ်အကြေးကို ဆေးကြော်နိုင်မည် မဟုတ်ပါ။ လောဘ၊ ဒေါသ၊ မောဟကို မည်သည့် ရေပိုက်နှင့်မျှ ထိုး၍ မရနိုင်ပါ။ တွေးတောပြောဆို ပြုမူမှုမှန်သမျှကို ကိုယ်တိုင်သတိထား ဆင်ခြင်မှသာလျှင် တဖြည်းဖြည်း လျော့ချနိုင်မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အမှောင်ဖုံး၍ လွဲမှားစွာ ပြုမူခဲ့သည်များ ရှိကောင်းရှိနေနိုင်သည်။ သို့သော် နှစ်သစ်တွင် သီလ၊ သမာဓိ၊ ပညာတို့ဖြင့် မကောင်းမှုများကို ဆေးကြောသွားသင့်သည်။ တတ်နိုင်ပါက လောဘ၊ ဒေါသ၊ မောဟဆိုသည့် ကိလေသာမှန်သမျှကိုသီလ၊ သမာဓိ၊ ပညာဆိုသည့် မဂ္ဂင်ရှစ်ပါးဖြင့် ဆေးကြော သန့်စင်သွားနိုင်ပါသည်။

ရှေးမြန်မာမင်းများလက်ထက်က နှစ်ဆန်း (၁)ရက်နေ့ကို များစွာအလေးအမြတ်ပြုခဲ့ကြကြောင်း ဖတ်မှတ်ဖူးသည်။ ယင်းနေ့တွင် ရတနာသုံးပါးနှင့်တကွ နတ်မြတ်နတ်ကောင်း အပေါင်းတို့အား ရှေးအစဉ်အလာအတိုင်း လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကြသည်။ မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် သမိုင်းဝင်ဖြစ်ခဲ့သည်။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသည့် အခါသမယတွင် အဟောင်းတို့ ချုပ်ငြိမ်း၍ အသစ်တို့ ပေါ်ထွန်းလာသည်မှာ လောကနီယာမတစ်ခုပင် ဖြစ်သည်။ နွေရာသီ၏ အပူဒဏ်ကို အေးမြစေရန် အတွက် လည်းကောင်း၊ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြော်သန့်စင်စေရန်အတွက် လည်းကောင်း အတာသင်္ကြန်ပွဲတော်ကို ဆင်နွဲခဲ့ကြခြင်းဖြစ်သည်။

မဟာသင်္ကြန်ပွဲတော် ကျင်းပခြင်းနှင့်အတူ ဥပုသ်သီတင်းသီလ စောင့်တည်မှုပြုခြင်း၊ ရှင်ပြုအလှူမင်္ဂလာနှင့် ဒုလ္လဘရဟန်းခံပြုကြခြင်း၊ သင်္ကြန်ရွှေယ်အိုဘိုးဘွားတို့အား နွေးထွေးကြင်နာစွာဖြင့် ရိုသေသမှု ပူဇော်မှုပြုခြင်း၊ လယ်ယာလုပ်ငန်းခွင်တွင် အကျိုးပြုခဲ့သော ခိုင်းနွှားများကို ဘေးမဲ့လွတ်ခြင်း၊ မြစ်ချောင်းအင်းအိုင်များတွင် ငါးလွှတ်ပွဲများကို ဖြိုရွှာဒေသအနှံ့ ပြုလုပ်ကြခြင်းက ချစ်စရာကောင်းသည့် မြန်မာဓလေ့စရိုက်များကို ဖော်ညွှန်းနေသည်။ ကောင်းမြတ်သောအချိန်ကာလတို့ကို ညွှန်းဆိုထားသော လရာသီဖြစ်သည့်အပြင် သန့်စင်မှန်မြတ်သော ဒါနတရားတို့ဖြင့် ပီတိဖြာဝေစေသော တန်ခူးလရာသီပင် ဖြစ်သည်။

မေတ္တာအရင်းခံဖြင့်သာ

အမှန်စင်စစ်မှာမူ မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ ထို့ကြောင့် နှစ်သစ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ ဘာသာတစ်ခုနှင့် တစ်ခု၊ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား မေတ္တာထားသွားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်း အမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့်မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသော လူ့အသိုက်အဝန်းကြီးကို ဇောနံမုချတည်ဆောက်နိုင်မည် ဖြစ်သည်။

နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်ပါသည်။ အခြေခံအားဖြင့် မိမိတို့၏ စိတ်ဓာတ်များကို ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ကိုင်ရွာဖွေစုဆောင်းကြရာတွင် စိတ်ကောင်းရှိရန်လိုသည်။ အရာရာတွင် ကိုယ်ချင်းစာတရား လက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် မိမိတို့၏ ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ဖြဟ္မာစိုရိတရားကို လက်ကိုင်ထားလျက် ပြုမူကျင့်ကြံနေထိုင်သွားရန် အထူးလိုအပ်သည်။

စိတ်ကူး အိပ်မက်များ

နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်း အကောင်အထည်ဖော်သွားရန်လည်း လိုအပ်ပါသည်။ ဆိုရလျှင် လူတစ်ဦးသည် လွန်ခဲ့သည့် တစ်နှစ်လုံးတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေး စသည့် နယ်ပယ် တစ်ခုခု၌ အောင်မြင်မှု တစ်စုံတစ်ရာမျှ မရရှိခဲ့ပါက ထိုသူသည် တစ်နှစ်ဆိုသော အချိန်ကာလကို အကျိုးမဲ့ဖြတ်သန်းခဲ့ခြင်းဖြစ်သည်။ အမှန်တကယ် မနားမနေ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှသာလျှင် အောင်မြင်မှုဆိုသောအရာကို ဆုပ်ကိုင်နိုင်ကြမည် ဖြစ်သည်။ စင်စစ်အားဖြင့် မျက်မှောက်ခေတ်ကြီးတွင် ပျင်းရိလေးလံတွေဝေ ထိုင်းမှိုင်းနေသူများအတွက် နေရာမရှိပါ။ အထူးသဖြင့် တန်ဖိုးရှိသောအချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းမရှိသူများမှာ အဘက်ဘက်မှ နောက်ကျကျန်ရစ်နေမည်မှာ မြေကြီး လက်ခတ်မလွဲပင်ဖြစ်သည်။

ထို့ကြောင့် နှစ်သစ်တွင် အချိန်မဖြုန်းတော့ဘဲ ကိုယ်စီအလုပ်လုပ်ကြရတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အောင်မြင်မှု မရရှိခဲ့သည့်တိုင်အောင် နှစ်သစ်အတွက် ခွန်အားများ မွေးမြူသွားကြရပါမည်။ လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လူ့အသိုက်အဝန်းတစ်ခုချင်းမှသည် တိုင်းပြည်တိုးတက်ရေးကို ရည်မှန်းလျက် ကြိုးပမ်းသွားရန် လိုအပ်မည်ဖြစ်သည်။ လူတိုင်းတွင် လုပ်ဆောင်နိုင်သည့်စွမ်းအားများ ကိုယ်စီရှိနေသည်။ လုပ်မည်ဆိုပါက အောင်မြင်မှုက လက်တစ်ကမ်းတွင် ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် နှစ်သစ်တွင် အောင်မြင်မှုတစ်ခုခုကို ရရှိအောင် ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များကို ကိုယ်စီ မက်ထားရန်လိုသည်။

အဟောင်းတို့ချုပ်ငြိမ်း၍ အသစ်တို့ပေါ်ထွန်း

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်ပါသည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် နှစ်သစ်တွင် လူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက် အချိန်ကို အကျိုးရှိစွာ အသုံးချသွားရန်လိုသည်။ အချိန်တိုင်း စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေသူ တစ်ဦးသည် မအောင်မြင်စရာအကြောင်း မရှိချေ။

နှစ်သစ်ကူးနှစ်ဦးကာလ၏ တန်ခူးလ အခါသမယတွင် ရှေးယခင် ဘိုးဘွားအစဉ်အဆက်မှ ယနေ့ထိတိုင်အောင် ထိန်းသိမ်းခံယူကျင့်သုံးခဲ့သည့် မြန်မာတို့၏ကောင်းမြတ်သော ယဉ်ကျေးမှု ဓလေ့စရိုက်များကို ဆက်လက်ထိန်းသိမ်းသွားကြရမည် ဖြစ်သည်။ နှစ်သစ်တွင် ပြုလုပ်သော ဒါန၊ သီလ၊ ဘာဝနာကောင်းမှုကုသိုလ်များဖြင့် ကိုယ်စိတ် နှစ်ပါး ကြည်လင်ရှင်းသန့်၍ ကောင်းကျိုးတရား များကို ရရှိနိုင်စေရန် ဆောင်ကြဉ်းသွားကြရမည် ဖြစ်ပါသည်။ ။

“ အမှန်စင်စစ်မှာမူ မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ ထို့ကြောင့် နှစ်သစ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ ဘာသာတစ်ခုနှင့် တစ်ခု၊ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား မေတ္တာထားသွားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်း အမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့်မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသော လူ့အသိုက်အဝန်းကြီးကို ဇောနံမုချတည်ဆောက်နိုင်မည် ”

စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ လက်လီလက်ကား ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ လက်လီလက်ကား ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဧပြီ ၉ ရက်က သန်လျင်မြို့ မြို့ဟောင်းအနောက်ရပ်ကွက်ရှိ Excel River View Hotel ၌ ကျင်းပသည်။

ဦးစွာမြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဌေးမိုးက အမှာစကားပြောကြားပြီး သန်လျင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးအောင်စိုးမိုးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ချမှတ်ပေးထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာပေးကြရန်နှင့် သတ်မှတ်စည်းကမ်းချက်များကို လိုက်နာမှုမျက်ကွက်သည့် ကိုယ်စားလှယ်များအား စားသုံးသူရေးရာဦးစီးဌာနက အရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဇော်ကိုကိုက စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးပေးနေမှုများနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စားအုန်းဆီ တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက စားအုန်းဆီ တင်သွင်းဖြန့်ဖြူးပေးနေမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

ပဲခူး ဧပြီ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးက ကြီးမှူးကျင်းပသော တိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဧပြီ ၉ ရက်က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဖြင့်အောင်က တိုင်းဒေသကြီးအတွင်း စားသုံးဆီဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စားအုန်းဆီဖြန့်ဖြူးရောင်းချခြင်းနှင့် ပတ်သက်၍ သတ်မှတ်ရည်ညွှန်းစွဲအတိုင်း ရောင်းချစေရေးနှင့် မသမာမှုများကို စစ်ဆေးတွေ့ရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးသက်က စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းစွဲအတိုင်း ရောင်းချစေရေးနှင့် ပြည်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိစေရေးတို့ကို ဆွေးနွေးပြောကြားသည်။

ခရိုင်(ပြန်/ဆက်)

ရွှေကျင်မြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေ

ရွှေကျင် ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဧပြီ ၁၀ ရက်က မြို့မစည်ပင်သာယာဈေးနှင့် လူစည်ကားရာနေရာများ၌ ပြုလုပ်သည်။

ထိုသို့ နှိုးဆော်ရာတွင် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ဂနာမငြိမ်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ ကြွက်တက်ခြင်း၊ နုံးခွေခြင်း၊ အလွန်အမင်းရေဆာခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း စသည့်အပူဒဏ်အန္တရာယ်အကြောင်း သိကောင်းစရာများ၊ လိုက်နာရန်အချက်များ၊ ရှောင်ရန်အချက်များကို အသိပညာပေးနှိုးဆော်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

မော်လမြိုင်မြို့၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

မော်လမြိုင် ဧပြီ ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက အပူဒဏ်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

ဌာနဆိုင်ရာများနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများခံစားရပါက လိုက်နာရန်အချက်များ၊ အပူဒဏ်အန္တရာယ် အထူးသတိပြုရမည့်သူများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့်လူနာအား အရေးပေါ်ရှေးဦးပြုစုခြင်း စသည့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များကို အသိပေးနှိုးဆော်ခြင်း၊ ပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို လူစည် ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

လောကချမ်းသာ အဘယလာဘမုနိ ရှုပ်ပွားတော်မြတ်ကြီး၌ (၂၅)ကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထား ကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရှုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ (၂၅)ကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်နေ့(သောကြာနေ့)နံနက်ဖိ နာရီတွင်လည်းကောင်း၊ ၇၂ နာရီ အသံမစဲမဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၈ ရက်မှ ၂၁ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်၍ စေတနာရှင်၊ အလှူရှင် ဘုရားဖူးပြည်သူများ ကြွရောက်ဖူးမြော် ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။

သက်ထက်

အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

မန္တလေး ဧပြီ ၁၁

နွေရာသီကာလ အပူချိန်ပြင်းထန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုးကျိုးများနှင့် အပူဒဏ်အန္တရာယ်များကို အများပြည်သူများသိရှိလိုက်နာစေရန် အသိပညာပေးဟောပြောခြင်းကို ချမ်းအေးသာစံမြို့နယ် ဝါကင်းကုန်းဘုရားဓမ္မာရုံ၌ ယမန်နေ့က ဆောင်ရွက်သည်။

ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုးကျိုးများ၊ အပူလျှပ်ခြင်းနှင့် ရှုးဦးပြုစုနည်းလမ်းများ၊ အပူဒဏ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အများပြည်သူများ သိရှိလိုက်နာစေရန် ဟောပြောခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၌ မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ သင်ပန်းကုန်းရပ်ကွက်အတွင်းရှိ လူနေအိမ်များကို တစ်အိမ်ခြံတက်ဆင်းစစ်ဆေးခြင်း၊ (ဃ)ရပ်ကွက် အရန်မီးသတ်စခန်းကို စစ်ဆေးခြင်း၊ ဂျပ်ပုံးစက်ရုံကို မီးဘေးလုံခြုံရေးစစ်ဆေးပြီး 191 report application ထည့်သွင်းပေးခြင်းကို ဧပြီ ၁၀ ရက်က ဆောင်ရွက်ရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဝင်းလှိုင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ဓနုဖြူမြို့နယ်အတွင်းရှိ ဆန်စက်၊ အလုပ်ရုံများအတွင်း မီးဘေးလုံခြုံရေးအတွက် အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို ဧပြီ ၁၀ ရက်က ရေတွင်းကုန်း ကျေးရွာရှိ သီရိရတနာဆန်စက်၌ ကွင်းဆင်းဆောင်ရွက်စဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလ ဧည့်သည်ခေါ်ဘုရားပွဲတော် ပြုလုပ်မည်

ချောင်းဆုံ ဧပြီ ၁၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဧည့်သည်ခေါ် ဘုရားပွဲတော်များကို ရှေးနှစ်ပေါင်းများစွာကတည်းက နှစ်စဉ်ကျင်းပရာ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလတွင်လည်း ဧည့်သည်ခေါ် ဘုရားပွဲတော်များ၊ စတုဒိသာကျွေးမွေးခြင်းများနှင့်အတူ မြန်မာ့ရိုးရာ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ယဉ်ကျေးမှုနှင့်အညီ အစဉ်အလာမပျက် ထည့်သွင်း ပြုလုပ်သွားမည်ဖြစ်သည်။

မဟာသင်္ကြန် ကာလ၌ ဧည့်သည်ခေါ် ဘုရားပွဲတော်ရက် ကျရောက်သည့် ကျေးရွာများရှိ နေအိမ်အများစုတွင် ထမင်း၊ ဟင်း၊ အချိုရည်အအေးများဖြင့် မိတ်သစ် မိတ်ဟောင်းများကို ဧည့်ခံကျွေးမွေးခြင်းနှင့် စတုဒိသာမဏ္ဍပ်များဖြင့် ဧည့်ခံကျွေးမွေးမည် ဖြစ်ကြောင်း၊ ဧည့်သည်ခေါ်ဘုရားပွဲတော်ရက်များအနေဖြင့် သင်္ကြန်အကြိုနေ့တွင် မုရစ်ကြီးကျေးရွာ ဘုရားပွဲ၊ သင်္ကြန်အကျနေ့တွင် နတ်မှော်ကျေးရွာဘုရားပွဲ၊ သင်္ကြန်အကြတ်နေ့တွင် ရွှေမြင့်မိုရ်တောင်ဘုရားပွဲ၊ သင်္ကြန် အတက်နေ့တွင် ကရင့်ဝင်းစိန်ကျေးရွာ (တောင်ပေါ်ကြီး) ဘုရားပွဲနှင့် နှစ်ဆန်း ၁ ရက်နေ့တွင် (သင်္ကြာ၊ ဘိုးနက်)ကျေးရွာ ကျိုက်သုတ်ဘုရားပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

ကန်ကြီးထောင့်မြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ကန်ကြီးထောင့် ဧပြီ ၁၁

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ စည်ကားစွာ ကျင်းပမည်ဖြစ်ရာ ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်အပြင် သနပ်ခါးမဏ္ဍပ်နှင့် စတုဒိသာမဏ္ဍပ်များကို အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်း View Point တွင် ဒါးကမြစ်အား နောက်ခံထား၍ ပြင်ဆင်ဆောက်လုပ်လျက်ရှိပြီး ဖျော်ဖြေရေးများအနေဖြင့် သင်္ကြန်ယိမ်းအဖွဲ့ ကိုးဖွဲ့အပြင် ကန်ကြီးထောင့်မြို့နယ်ရှိ သဘင်အစည်းအရုံးမှ နေ့စဉ်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ဗဟိုမဏ္ဍပ်အပြင် အခြားသောမဏ္ဍပ်များ ကြိုတင်ပြင်ဆင်ဆောက်လုပ်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်၊ ဌာနဆိုင်ရာနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

သထုံမြို့နယ်၌ (၁၃)ကြိမ်မြောက် သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ ကျင်းပ

သထုံ ဧပြီ ၁၁

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)မှ ကြီးမှူးကျင်းပသည့် (၁၃)ကြိမ်မြောက် သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲကို ဧပြီ ၉ ရက် နံနက်ပိုင်းက သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဖြေဆိုပူဇော်ရာတွင် သထုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များ၊ အခြေခံပညာကျောင်းများမှ သာမဏေ၊ သီလရှင်နှင့် ကျောင်းသား ကျောင်းသူ စုစုစုပေါင်း ၁၈၅ ဦးတို့ ဝင်ရောက်ဖြေဆိုပူဇော်ရာ စာဖြေသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြီးကြပ်ရေးဆရာတော်များနှင့် ကြီးကြပ်ရေးအဖွဲ့ဝင် လူပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများက ကြီးကြပ်စောင့်ရှောက်ပေးကြပြီး အလှူရှင်များက အချိုရည်များ၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

ခိုလမ်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

ခိုလမ် ဧပြီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားစွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ခိုလမ်မြို့၌ (ဗဟို)သင်္ကြန်မဏ္ဍပ်ကို ကျိုင်းတောင်းလမ်းဆုံတွင်လည်းကောင်း၊ လမ်းလျှောက်သင်္ကြန်ကို တုန်ဟုန်းရေကန်အနီးတွင်လည်းကောင်း၊ ရေကစားမဏ္ဍပ်များကို ရပ်ကွက်များတွင်လည်းကောင်း တည်ဆောက်လျက်ရှိပြီး စတုဒိသာမဏ္ဍပ်များကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။

ခိုလမ်မြို့အနေဖြင့် လမ်းလျှောက်သင်္ကြန်အပါအဝင် ဗဟိုမဏ္ဍပ်နှင့် အခြားသောမဏ္ဍပ်များ၊ ရပ်ကွက်ရေကစားမဏ္ဍပ်များအပါအဝင် ရေမပြတ်အောင် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ဌာနဆိုင်ရာ ယိမ်းအဖွဲ့များက သက်ဆိုင်ရာ ရပ်ကွက်/ဌာနများ၌ အဖွဲ့လိုက် ယိမ်းအကတိုက်ခြင်းများ ဆောင်ရွက်ထားရှိသည့်အပြင် နှစ်ဆန်းတစ်ရက်နေ့တွင် ဧဝိတဒါနငါးလွတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲများနှင့် ခိုလမ်မြို့၏ ထောင့်လေးထောင့်တွင် အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲကို စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ကျော်ဇင်(ပြန်/ဆက်)

ဧရယ္ယာသီရိခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောနိုင်၊ ဥတ္တရခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်နောင်နှင့် တပ်ဖွဲ့ဝင်များက ဧရယ္ယာသီရိခရိုင်နှင့် ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဧပြီ ၆ ရက်က ပုဗ္ဗသီရိမြို့နယ်ရှိ ဧရယ္ယာသီရိခရိုင်စုပေါင်းရုံး၌ ဆောင်ရွက်စဉ်။

အောင်ကို(ပုဗ္ဗသီရိ)

ပြင်စလူမြို့၌ အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေးဟောပြော

ပြင်စလူ ဧပြီ ၁၁

ရောဝတီတိုင်းဒေသကြီး ပြင်စလူမြို့ အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးများနှင့် ဆက်စပ်သော ရောဂါများအကြောင်း အသိပညာပေး ဟောပြောပွဲကို ပြင်စလူမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၉ ရက် နံနက်ပိုင်းက ကျင်းပရာ ပြင်စလူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူးဦးအောင်မြင့်မြတ်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြင်စလူမြို့ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးသိမ့်သိမ့်က အမျိုးသမီးများနှင့် သက်ဆိုင်သော ကင်ဆာရောဂါ အကြောင်းအရာများ၊ ဆောင်ရန် ရှောင်ရန်များ၊ ကျန်းမာရေးနှင့် ကိုက်ညီသော နေထိုင်မှုပုံစံများနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများအကြောင်း အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ပြင်စလူမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလှိုင်သူဝင်းက သားအိမ်ခေါင်းကင်ဆာနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ HPV ဗိုင်းရပ်စ်ပိုးကူးစက်ခြင်း၊ ဟော်မုန်းမညီမျှခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကင်ဆာရောဂါ ဖြစ်ပွားရသည့် အမျိုးအစားများနှင့် ဖြစ်ပွားရသည့် အကြောင်းရင်းများကို ရှင်းလင်းပြောကြားပြီး ဆောင်ရန်ရှောင်ရန် နည်းလမ်းများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ပြင်စလူ(ပြန်/ဆက်)

ဒက္ခိဏာသီရိမြို့နယ် အသေးစားနှင့် အလတ်စား စက်မှုနှစ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသန်းစိုး၊ ဒက္ခိဏာသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေလျံထွေးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသလေ့ကျင့်ခြင်းကို ဧပြီ ၉ ရက်က ဒက္ခိဏာသီရိမြို့နယ် အသေးစားနှင့် အလတ်စားစက်မှုနှစ်စီမံခန့်ခွဲရေးကော်မတီရုံး၌ ဆောင်ရွက်စဉ်။

အောင်သူရဦး(ဒက္ခိဏာ)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ပခုက္ကူမြို့နယ်၌ မဟာသင်္ကြန်ရေသဘင်ပွဲတော်မဏ္ဍပ်များတည်ဆောက်၊ ယိမ်းအဖွဲ့များစုပေါင်းလေ့ကျင့်

ပခုက္ကူ ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန် ရေသဘင်ပွဲတော် မဏ္ဍပ်များ တည်ဆောက်ခြင်းနှင့် စုပေါင်းအကတိုက် လေ့ကျင့်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ပခုက္ကူမြို့နယ် အတွင်းရှိ ပြည်သူများ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလအတွင်း လွတ်လပ်ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ဧပြီ ၈ ရက်မှစတင်ပြီး ဗဟို မဏ္ဍပ်၊ လမ်းလျှောက်ရေကစား မဏ္ဍပ်နှင့် စတုဒိသာမဏ္ဍပ်များ တည်ဆောက်ခြင်းနှင့် ယိမ်းအဖွဲ့များကလည်း သင်္ကြန်တေးသီချင်းများဖြင့် စုပေါင်းအကတိုက် လေ့ကျင့်နေကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

ကျောက်မဲမြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်လေ့ကျင့်

ကျောက်မဲ ဧပြီ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် မြို့ကျက်သရေဆောင်ခန်းမရှေ့ မြန်မာ့ရိုးရာအတာသင်္ကြန် ဗဟိုမဏ္ဍပ်တွင် ယနေ့ မွန်းလွဲပိုင်းက မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်လေ့ကျင့်မှုများ ဆောင်ရွက်သည်။

အဆိုပါ လေ့ကျင့်ဆောင်ရွက်မှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ ကျောက်မဲမြို့နယ်အတွင်းရှိ သင်္ကြန်ယိမ်းအဖွဲ့ ၁၈ ဖွဲ့က မဟာသင်္ကြန်ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများတွင် ပါဝင်ဖျော်ဖြေရန် သင်္ကြန်အကအလှများကို လေ့ကျင့်ခဲ့ကြသည်။

ထို့ပြင် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ စီမံဆောင်ရွက်မှုများကိုလည်း တစ်ပြိုင်နက်တည်းဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဌာနများနှင့် ရပ်ကွက်များအလိုက် ယိမ်းအဖွဲ့များက သက်ဆိုင်ရာနေရာအသီးသီးတွင် ကြိုတင်လေ့ကျင့်ဆောင်ရွက်လျက်ရှိကြသည်။

ခရိုင်(ပြန်/ဆက်)

ရေးမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရေး ဧပြီ ၁၁

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရေးမြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထိုသို့ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများပူးပေါင်း၍ ရန်မျိုးအောင်ရပ်ကွက် မြကန်သာကျိုးအပေါ်ဘက်တွင် ဗဟိုမဏ္ဍပ် တစ်ခု၊ ရေကစားမဏ္ဍပ် ၁၁ ခုနှင့် စတုဒိသာမဏ္ဍပ်သုံးခုတို့ကို စတင်ဆောက်လုပ်လျက်ရှိပြီး မဟာသင်္ကြန်ပွဲတော် ကာလအတွင်း ဖျော်ဖြေရေးအစီအစဉ်များ၊ လမ်းလျှောက်သင်္ကြန် ပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်းသန်းဖြူ(ပြန်/ဆက်)

မိတ္ထီလာမြို့နယ်၌ သရက်သီးနှံ(GAP)နှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ တောင်သူနည်းပညာပေး ကွင်းသရုပ်ပြ

မိတ္ထီလာ ဧပြီ ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ သရက်သီးနှံ(GAP)နှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မိတ္ထီလာဥယျာဉ်ခြံတွင် ကျင်းပသည်။

တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်က အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မိတ္ထီလာဥယျာဉ်ခြံမှ ခြံတာဝန်ခံ ဦးသာဒိုးဦးက ဥယျာဉ်ခြံအတွင်း (GAP)နည်းစနစ်ဖြင့် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မိတ္ထီလာခရိုင်ရုံးမှ သီးနှံကာကွယ်ရေးတာဝန်ခံ ခေါသင်းမြတ်ခိုင်က သီးနှံများ ပိုးမွှားကာကွယ်ရေးနှင့်ပတ်သက်၍ ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြစ်သားမြို့နယ် မြန်ဒီခြံတာဝန်ခံ ဦးသန်းထွန်းဦးက သရက်သီးနှံ(GAP) စိုက်ပျိုးနည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသော တောင်သူများအား မိတ္ထီလာဥယျာဉ်ခြံမှ ခြံတာဝန်ခံက ဥယျာဉ်ခြံအတွင်း အရည်အသွေးကောင်း သရက်သီးရရှိရန် သီးထိုးချိန် အန္တရာယ်မှကာကွယ်ရန် အတွက် လက်တွေ့အိတ်စွပ်ပြသခြင်း၊ သရက် ကိုင်းကူးကိုင်းဆက်နည်းများအား ပြသခြင်းနှင့် ပုံမှန်ချိန်ထက် သရက်သီးထွက်ချိန်စောရန် သုတေသနစမ်းသပ်ကွက်ကို လက်တွေ့ရှင်းလင်းပြသသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

❏ နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တောင်ကြီးနှင့် ညောင်ရွှေမြို့နယ်တို့ရှိ နွေစပါးစိုက်ပျိုးထားမှု ကွင်းဆင်းစစ်ဆေး

တောင်ကြီး ဧပြီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာရှိ “ရောင်နီဦး” စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်မှ နွေစပါးစိုက်ပျိုးထားရှိမှုနှင့် မိုင်းသောက်ကျေးရွာရှိ “ပင်မြင့်စံ” သမဝါယမအသင်းတို့မှ ရုက္ခာနေကြာမျိုး စိုက်ပျိုးထားရှိမှုနှင့် တောင်ကြီးမြို့နယ် ကျောက်နီကျေးရွာအုပ်စု ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းခနထွန်းလယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ ရုက္ခာနေကြာစိုက်ပျိုးထားရှိမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက နွေစပါးသတ်မှတ် စိုက်ဧကအားလုံး စိုက်ပျိုးပြီးဖြစ်၍ သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ပြီး ရုက္ခာနေကြာနှင့်ပတ်သက်၍ ကျေးငှက်တိရစ္ဆာန်များ အန္တရာယ်ကာကွယ်မှု အလေးထားဆောင်ရွက်ရန်နှင့် အချိန်မီရိတ်သိမ်းနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(သ/မ)

မြောက်ဥက္ကလာပမြို့နယ်၌ လမ်းလျှောက်သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို (ဃ)ရပ်ကွက် သုမင္ဂလာမဲမကြီး ဥက္ကလာသီရိပန်းခြံရပ်ကွက်တွင် ဥက္ကလာရင်ခွင်မဏ္ဍပ်ဆောင်ရွက်ထားရှိပြီး မဏ္ဍပ်အတွင်း စတုဒိသာ ကျွေးမွေးခြင်း၊ သပြေခက်ဖြင့် ရေဖျန်းပက်ခြင်း၊ ဥက္ကလာသီရိပန်းခြံအတွင်း လမ်းလျှောက်သင်္ကြန်နှင့် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ပေးခြင်း၊ ဥက္ကလာရင်ခွင်မဏ္ဍပ်အတွင်း တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေခြင်းများကို ဧပြီ ၁၃ ရက် နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့နောက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ ရက်တွင် ဇီဝိတာဒါန ငါးလွှတ်ခြင်း၊ ပရိတ်တရားများနာယူခြင်း၊ ရပ်ကွက်များအလိုက် မြန်မာ့ဓလေ့ယဉ်ကျေးမှုနှင့်အညီ အသက် ၉၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ဝတ်ကျေနပ်ခြင်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

အများအားဖြင့် သာယာမည်

နေပြည်တော် ဧပြီ ၁၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/၈လ

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး၃၀ဒေ အမိန့် ၅၂ နည်း၃၀ဒေ ၂၀)
မရမ်းကုန်းခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၁

ဦးအောင်လွင် (တရားလို) နှင့် ဦးတိုးအောင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး။ မြောက်ဥက္ကလာပမြို့နယ်၊ (၈၂) ရပ်ကွက်၊ ဘုန္တာလမ်း၊ အမှတ် - ၆၆၀ (ယခုနေရပ်လိပ်စာမသိ) နေ တရားပြိုင် ဦးတိုးအောင် သိစေရမည်။

သင့်အပေါ်၌ တရားလို့က ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလို့မဖြင့် လျှောက်ထားခွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၇) ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန် လဆန်း ၁၂) ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရား လို့၏ အဆိုလွှာကို ထုချေရုံးလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို့က ကြည့်ရှု လိုသည့်လိုအပ်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလို့ သည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းလို့ကရမည်။ သင်က ထုချေလွှာ တင်သွင်းလို့ လျှင် အမှုအဆိုခံမှီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၆) ရက် ဤရုံးတံဆိပ်ခံရုံးနှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲကိုကို)
ခုတိယခရိုင်တရားသူကြီး(၅)
မရမ်းကုန်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး၃၀ဒေ အမိန့် ၅၂ နည်း၃၀ဒေ ၂၀)
မရမ်းကုန်းခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၂

ဦးအောင်လွင် (တရားလို) နှင့် ဦးဝင်းစိန် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး။ မြောက်ဥက္ကလာပမြို့နယ်၊ (၈၂)ရပ်ကွက်၊ ဘုန္တာလမ်း။ အမှတ် - ၆၆၀ (ယခုနေရပ်လိပ်စာမသိ) နေ တရားပြိုင် ဦးဝင်းစိန်သိစေရမည်။

သင့်အပေါ်၌ တရားလို့က ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလို့မဖြင့် လျှောက်ထားခွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၇) ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန် လဆန်း ၁၂) ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရား လို့၏ အဆိုလွှာကို ထုချေရုံးလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို့က ကြည့်ရှုလိုသည့် လိုအပ်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းလို့ကရမည်။ သင်က ထုချေလွှာ တင်သွင်းလို့ လျှင် အမှုအဆိုခံမှီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၆) ရက် ဤရုံးတံဆိပ်ခံရုံးနှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲကိုကို)
ခုတိယခရိုင်တရားသူကြီး(၅)
မရမ်းကုန်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၂ နည်းဥပဒေ ၁ နှင့် ၅)
တောင်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၅

ဦးခင်မျိုး (တရားလို) နှင့် ရဲမှုးကြီး မျိုးသန့် (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အကွက် အမှတ် (၈၈)၊ အမှတ်(၁၀၆၊ ၁၀၇) နေ ရဲမှုးကြီး မျိုးသန့် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို့ ဦးခင်မျိုးက "ပဋိညာဉ်အတိုင်းအရောင်းအဝယ် ကတိစာချုပ်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလို့မှု"နှင့် လျှောက်ထားခွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ ဆုန် လဆန်း ၁၂) ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို့၏အဆိုလွှာကို ထုချေရုံးလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို့က ကြည့်ရှုရလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလို့သည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သွင်းလို့ကရမည်။ သင်က ထုချေလွှာတင်သွင်းလို့လျှင် အမှုအဆိုခံမှီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတံဆိပ်ခံရုံးနှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေး လိုက်သည်။

(ဦးအောင်မြင့်ဦး)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 83W/48648 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ပတ်စ်ပို့ပျောက်
လားရှိုးမြို့နယ်၊ မန်ပျဉ်ကျေးရွာနေ (၁၁) ဦးညီကတ်၏သား မောင်အိုက်ပေါင်း (၁၃/လရန(နိုင်)၁၃၈၇၆၃) ၏ နိုင်ငံကူးလက်မှတ် အမှတ် (MF-225171) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၇၈၉၆၇၄၂၅၀

အမည်ပြောင်း
ကလောမြို့၊ ရပ်ကွက် (၃) နေ ဦးဇင်ကိုကို (၁၂/အဓန(နိုင်) ၁၉၉၂၄၂)-ဒေါ်ယဉ်ယဉ်သန့် (၁၃/ကလန(နိုင်)၀၇၉၄၅၀)တို့၏သား မောင်လက်ဘုန်းသန့်အား ယနေ့မှစ၍ မောင်လက်ဘုန်းလျှံ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 1J/2005, TOYOTA COROLA FIELDER NZE 14, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဆွေထွန်း ၉/မခန(နိုင်)၁၅၇၈၇၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လွှဲကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညာန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း
ယာဉ်အမှတ် 5Q/5920, Toyota Vios NSP 150L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်မောင်ရီ (၁၁/အမန(နိုင်) ၀၂၆၁၆၁) က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လွှဲကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညာန၊
အောင်ပန်း

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး။ မြောက်ဥက္ကလာပမြို့နယ်၊ ဝဒီယာ (၈) လမ်း၊ အမှတ်(၉၇၉)(က)။ (c) ရပ်ကွက်၊ ၈၀ (၂၀×၆၀) အမည်ပေါက်ပိုင်ဆိုင်သော ဒေါ်အေမြင့် ISN-107768)နှင့် ငှင်းဆိုင်ခွန်း (ကွယ်လွန်)တို့၏ အမွေဆက်ခံခွင့် ရှိသော ချွေးမ ဒေါ်ကြည်ကြည်ဝင်း (၇/ပခန(နိုင်)၀၄၀၅၅၁) ထံမှ တစ်ဆင့် အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူထားသူ ဦးမိုးလေးလင်း (၁၂/သကတ(နိုင်)၁၇၆၆၂၄) က ပိုင်ဆိုင်ကြောင်း မြွက်ဟပြောဆိုလာပါသဖြင့် (၅-၄-၂၀၂၆)ရက်နေ့တွင်ကွယ်လွန်သူးယ်သမြင့်နီးဖြစ်သူဒေါ်သင်းသင်းအေး (၁၂/မရက(နိုင်)၀၅၂၂၃၀)မှတစ်ဦးတည်းသောဝရုတ်ဝင်ဆီးတော်မင်းကြီး အခြားမည်သည့်အမျိုးသမီးတစ်ဦးတစ်ယောက်မှ၎င်းတို့ဖွဲ့ထပ်မံလက်ထပ်ထားခြင်း မရှိခဲ့ကြောင်း၊ကွယ်လွန်သူခင်ပွန်းနှစ်မိမိတို့သည်သုဒ္ဓဘာသာလေ့ကျင့်တမ်း အစဉ်အလာအရကွယ်လွန်သူခင်ပွန်း၏တစ်ဦးတည်းသောအမွေဆက်ခံခွင့်ရှိသူ ဖြစ်ကြောင်း၊မြေအပြင်ပေါ်ငွေသားများသာ ပေးချေခဲ့ပြီးဖြစ်သည်ဟု လာမည့် ကိစ္စအဝဝအားကျမ်းကျိန်ဆိုသူမိမိကတာဝန်ယူမည်ဖြစ်ကြောင်း၊ကမာရွတ် ခရိုင်တရားရုံး၏(၅-၃-၂၀၂၆)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်-၂၆၁/၂၆၊ အသိသက်သေ(၂)ဦး၏ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေစာရင်း၊အိမ် ထောင်စုလွှဲပြောင်းရေးရာရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မေပို့ကူး လျှောက်ထားလာရာတရားရင်းနှီးပိုင်ဆိုင်သောအထောက်အထားများဖြင့်ဤကြော် ငြာပါသည့်နေ့မစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှမ ရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြဖြစ်မံခန့်ခွဲမှုဌာန၊ ဂရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀) ၊ ကွင်း / အကွက်အမှတ် (၃/ပဒေသာ) ၊ ဦးပိုင်အမှတ် (၂၀၄) ၊ မြေဧရိယာ (၀.၁၁၀၁၀) ကေရှိ မြေကွက်အား မြေငှားရန်နှင့် (အဆင့်ပြောင်း) လျှောက်ထားခဲ့ပြီးရေး ဒေါ်ကျင်းဟော် (၁၃ / ဆဆန (နိုင်)၀၂၈၄၃၀) မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဒီးစီးဌာန၊
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထူပါရုံ၊ မြေကွက်အမှတ်-၁၄၄၇/က၊ စရိယာ(၂၀×၆၀)၊ မြေကွက်တည်နေရာအမှတ်(၁၄၄၇/က)၊ ထူပါရုံ (၁) လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်ဌေ (KTN-၀၆၇၀၄၈)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင် ဌေ(ဖခင်)နှင့် ဒေါ်လှရီ (မိခင်) တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဖြစ်သူ ဒေါ်သာသိန်းကို (၁/သကတ(နိုင်)၀၄၆၇၂၄) မှ မိမိကသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကတိသစ္စာဖြည့်လွှာ(၂)စောင်၊ဂရန်နှစ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးတင်ဌေ (ဖခင်)နှင့် ဒေါ်လှရီ(မိခင်) တို့၏သေစာရင်းသွင်းမိမိတ္ထူမှုနှံ (၂)စောင်၊ အိမ်ထောင်စုလွှဲပြောင်းရေးစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း၊စာချုပ်ချုပ်ဆိုရန် မြေပို့ကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြဖြစ်မံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျှောက်ထားခြင်း
ယာဉ်အမှတ် 62W/97956, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်းခင်းကျိန်း ၅/တမန(နိုင်) ၀၃၇၂၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လွှဲကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညာန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျှောက်ထားခြင်း
ယာဉ်အမှတ် 59W/76360, Honda Click 125 ယာဉ်လက်ဝယ် ရှိသူ မခင်မျိုးအေး ၉/မမန (နိုင်) ၀၂၁၀၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လွှဲကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညာန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ဓာတ်ကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1N/8492 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အပောင်း သည် ပျက်ပြယ်ကြောင်း အများသိ စေရန် ကြော်ငြာအပ်ပါ သည်။

ကညာန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျှောက်ထားခြင်း
ယာဉ်အမှတ် 1J/2005, TOYOTA COROLA FIELDER NZE 14, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဆွေထွန်း ၉/မခန(နိုင်)၁၅၇၈၇၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လွှဲကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညာန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း
ယာဉ်အမှတ် 5Q/5920, Toyota Vios NSP 150L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်မောင်ရီ (၁၁/အမန(နိုင်) ၀၂၆၁၆၁) က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လွှဲကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညာန၊
အောင်ပန်း

ဝန်ချတောင်းပန်ခြင်း

အမှတ် (၂ဘီ/၂-၂)၊ မင်းခမ္မလမ်း နှင့် တော်ဝင်လမ်းထောင့်၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နေအိမ်နှင့်ပတ်သက်၍ ဦးနေလင်းဦးတို့ မိသားစုတစ်စုလုံးအပေါ် (၁၄-၆-၂၀၂၄) ရက် နောက်ပိုင်းတွင် ကိုယ်စိတ်နှလုံးသုံးပါးလုံး မချမ်းမြေ့ဖွယ်ဖြစ်အောင် ပြုမူခဲ့မိသော ကိစ္စရပ်များ အားလုံးအတွက် သည်းခံခွင့်လွှတ်ပေးပါရန် ကျွန်မ မမြမွန်သူ (၁၂/တမန(နိုင်)၁၀၄၃၆၆) (ဘ) ဦးဇေစိုးမှ အနူးအညွှတ်ဝန်ချတောင်းပန် အပ်ပါသည်။

မမြမွန်သူ
(၁၂/တမန(နိုင်)၁၀၄၃၆၆)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ မြေနှံ့အလမ်း။ မြေကွက်အမှတ် (၁၁၉၀)။ စရိယာ(ပေ၄၀×ပေ၆၀) ရှိ ဦးရမ်းဇာဂိုဆင်း(၁၂/တကန(ပြု)၀၀၀၁၄၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်သားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးသန့်ဇော်ဝင်း(၇/နတလ(နိုင်)၁၂၅၃၆၁)ထံမှ အပြီးအပိုင် ဝယ်ယူရန်မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄) ရက်ပြည့်မြောက် သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းခန့်ကျော် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၈၁)
အမှတ် (၃၁၀)၊ စီနိုဝန်းမြို့ပြင်လမ်း၊ (၁၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၅၅၆၆၀၉၄၃ ၀၉-၄၂၀၄၀၄၃၃၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး။ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၂)လမ်း၊ အမှတ် (၆၃၁၊၅)ဟု ခေါ်တွင်သော အလျားပေ(၂၀)×အနံပေ(၆၀)ရှိ အိမ်မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကြသည့် ၁။ ဒေါ်သန်းသန်းဝင်း (၁၂/ဥကမ(နိုင်) ၁၁၆၀၂၈)၊ ။ ။ ဒေါ်ခင်သန်းဝေ (၁၂/ဥကမ (နိုင်)၁၂၇၆၈)၊ ၃။ ဒေါ်ငွေးငွေးဝင်း(၁၂/ဥကမ(နိုင်)၁၃၀၁၇၃)၊ ၄။ ဦးမျိုးမင်း (၁၂/ဥကမ(နိုင်) ၁၂၉၀၀၇)၊ ၅။ ဦးဟိန်း ထက်ပိုင် (၁၂/ဥကမ(နိုင်) ၂၇၅၅၅)၊ ၆။ ဒေါ်ကြူကြူဝင်း (၁၂/ဥကမ (နိုင်)၁၂၉၁၄)၊ ၇။ဒေါ်သီတာထွေး(၁၂/ဥကမ(နိုင်) ၀၁၆၄၁၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးခွန်းမြေဟိန်း (၁၂/ဥကမ(နိုင်)၁၂၉၇၄) က ဝယ်ယူရန်အတွက် အိမ်မြေ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -
ဒေါ်နင်းပွင့်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)
အမှတ် (၃၃၀)၊ ဥဒုနှာ (၆) လမ်း၊ (ခ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၃၀၉၃၂၈၇

အများသိစေရန် ကြေညာခြင်း
ရုမ်းညွှန့်မှုနယ်၊ တောင်ပြိုမြို့နယ်၊ သစ်တောရပ်ကွက် ဝန်ကြီးလမ်း အမှတ် (၁၁၆) ခန ဒေါ်ဘီလင်္ကစိတ်ဘာနေ (၁၃/တကန (ပြု) ၀၀၀၂၀၁)၊ ဒေါ်သန္တာပြိုး (၃) ဟိုမယ်ရာ (၁၃/တကန (ပြု) ၀၀၀၂၀၃) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ရုမ်းညွှန့်မှုနယ်၊ တောင်ပြိုမြို့နယ်၊ သစ်တောရပ်ကွက် ဝန်ကြီးလမ်း အမှတ် (၁၁၆) ဟုခေါ်တွင်သော ရုမ်းညွှန့်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ သစ်တောရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် -(၃၉) သစ်တောရုံး၊ ဦးပိုင်အမှတ် - ၂၂၊ မြေကွက်အမှတ် -၆၀၊ ဧရိယာ (၀.၂၅၃)ကေအကျယ်ရှိ မြေနှံ့အကျိုးခံစားခွင့်အရပ်ရပ်မှာ ယခင်က ဦးအေးမောင်မောင်ဘာနှင့် မှ ဝယ်ယူငှင်းဆိုင် ခဲ့ပြီး ယခုအခါ မြို့ပြမြောက်ဘွင့် ဦးမောင်မောင် အမည်ဖြင့် မှတ်သားစည်ရှိုးထားလည်း ဦးမင်းထွတ် (ဦးအေးမောင်မောင်ဘာနှင့်အိမ်ထာ) နှင့် ဦးမောင် (ဦးအေးမောင်မောင်ဘာနှင့် ဇနီးမြေ) တို့ ပူးတွဲပိုင်ဆိုင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်ဖြစ်ပါသည်။

ဦးမင်းထွတ် ကွယ်လွန်သွားသည့်အခါတွင် ဇနီးမြစိုးလွှ ဒေါ်ဘီလင်္ကစိတ်ဘာနေ နှင့် သမီးဖြစ်လွှ ဒေါ်သန္တာပြိုး (၃) ဟိုမယ်ရာ တို့မှ အထက်ဖော်ပြပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက် ရှိပါသည်။ မြေနှင့်သက်ဆိုင်သော ဂရန်(မူရင်း)၊ စာချုက်/စာတမ်း (မူရင်း)များမှာ ဒေါ်ဘီလင်္ကစိတ်ဘာနှင့် ၏ လက်ဝယ်တွင်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ယှဉ်ယှ တင်ပိုင်တစ်ယောက်ကြွမှု ထောင်းခြင်း၊ ဝေါင်းခြင်း၊ တစ်စုံတယောက်ယောက်ခွဲခြင်းကို မပြုလုပ်ကြရန် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ ဤ သတိပေးချက်ကို လိုက်နာခြင်းမပြုပါက တည်ဆဲဥပဒေနှင့်အညီ တရာစွဲဆိုရုပ်သိမ်း ဖြစ်က

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၅ နည်းဥပဒေ-၂၀) မကွေးမြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားကြီးမှုအမှတ် - ၃၈

ဦးစိုးတင့် နှင့် ၁။ ဦးထွန်းအောင်လွင်
၂။ ဒေါ်သောင်းထွေး
တရားလို တရားပြိုင်များ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၊ အမှတ်(၁၉၅)၊ (၃)လမ်း၊ အောင်စေတနာ ၁ (ခ) ရပ်ကွက်၊ မကွေးမြို့နေ ဦးထွန်းအောင်လွင်၊ ဒေါ်သောင်းထွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးစိုးတင့်က ပဋိညာဉ်အတိုင်း အရောင်းအဝယ် စာချုပ်အား မှတ်ပုံတင်ပေးစေလိမ့်မူ လျော်ကြေးထားခဲ့ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ ငှင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၁)ရက်၊ (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်) မွန်းတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလိုဏါ အဆိုလျှောက် ထုချေရုံးလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ဖျက်ကျက်ခဲ့လျှင် သင့်ဖျက်ကျယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းငြင်း တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြ အဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်ခတ်ပို့ကာ ရုံးသို့ သင်က ထုချေညွှာတင်သွင်းလိုလျှင် အမှုဆိုင်ခံလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၇) ရက်တွင် ဤရုံးတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(စိန်မြတ်ကြူ)
တွဲဖက်မြို့နယ်တရားသူကြီး
မကွေးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ငြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၃) ၊ ကွင်း/အကွက်အမှတ် (၂/ဟော်ကုန်းရပ်)၊ ဦးပိုင်အမှတ် (၅ က + ၅ ခ) ၊ မြေဧရိယာ (၀.၁၁၈၄၃၅) ကေရို မြေကွက်အား မြေငှားဂရန် (ဦးပိုင်ပေါင်း ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ခေါနှိုးခံးမွန် (၁၃/နစခ(နိုင်)၀၃၂၄၆၂) မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အဆွေထွေထုံးချုပ်ရေး ဦးစီးဌာနနှင်းသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား မြည်စွဲအွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည် ။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂ္ဂီဏာသီရိမြို့ ၊ ဒဂ္ဂီဏာသီရိရုပ်ကွက်၊ မြေတိုင်းရုပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (E-011)၊ မြေဧရိယာ(၀.၁၁၀၀၃၇)ကေရို ဒေါ်ဖြူဖြူညွှန့် (၁၁) ဦးဖြိုးသန်း ၁၂/ဥကဝ(နိုင်)၀၃၆၆၂၅ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ဖြူဖြူသန်း မှ ဒေါ်ခင်မိမိုဆောင် (၁၁)ဦး အောင်ဆန်း ၅/မရန(နိုင်)၀၀၉၁၀၁၄၄ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ် ဆိုရန် မြေပုံ၊ မြေစာရင်း ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ၊ မြေရာဇင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဓမ္မုသီရိမြို့ ၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၆၇၁) ၊ ဧရိယာ (၀.၀၈ ဂ)ကေရို ခေါင်ဝင်းဖြူ (၁၁)ဦးကျော်သိန်းမြင့် ဂ/မထလ(နိုင်)၁၇၀၃၃၆ အမည်ပေါက် နှစ် (၃၀) မြေငှား စာချုပ်ဖြင့်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးကျော်သူဝင်း (၁၁)ဦးကျော် သိန်း ၁၃/မတဘ(နိုင်)၀၄၇၂၅၄၆ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆိုလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/3286 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန်း ၁၄/၁၁ရ (နိုင်)၀၀၁၅၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညာ၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/3414, BAJAJ 200 T/W အားစစ်တွေမြို့၊ ကသဲရပ်ကွက်နေ ဦးထွန်းထွန်း အောင် ၁၁/စတန(နိုင်)၀၈၁၀၈၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်လန်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထား နိုင်ပါသည်။

ကညာ၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

